# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း၊ ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)


၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၇၈)


# သီပေါမင်းတရားကြီး နတ်ပြည်စံသက်နှစ်တစ်ရာပြည့်အလှူအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ၏နောက်ဆုံးမင်းဆက် သီပေါမင်းနတ်ပြည်စံသက် နှစ်တစ်ရာပြည့် အလှူအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းတရားကြီး အုတ်နန်းပြာသာဒ်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ သီပေါမင်း၏မြစ်တော် ဦးစိုးဝင်းနှင့် သီပေါမင်း၏ ဆွေတော်မျိုးတော်များ၊ အိန္ဒိယဗဟိုအစိုးရမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီပေါမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်အား ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ သီပေါမင်း၏အနွယ်တော်များက ဆက်သွင်းသော သံတော်ဦးတင်လွှာနှင့် ရေစက်ချစာတမ်းများအား အနွယ်တော်များကိုယ်စား သီပေါမင်းတရားကြီး၏ မြစ်တော်များဖြစ်ကြသော မဟာစန္ဒကုမာရ ဦးစိုးဝင်းနှင့် ဒေါ်ဒေဝီခင်တို့က ဆက်သွင်းဖတ်ကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။


စာမျက်နှာ ၄ ကော်လံ ၅ ✱


**ငါးပါးသီလ ခံယူဆောက်တည်**

မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက် သီပေါမင်းနတ်ပြည်စံသက် နှစ်တစ်ရာပြည့် အလှူအခမ်းအနားတွင် သံဃာတော်များထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ သီပေါမင်း၏ မြစ်တော် ဦးစိုးဝင်းနှင့် သီပေါမင်း၏ ဆွေတော်မျိုးတော်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ငါးပါးသီလခံယူဆောက်တည်ကြစဉ်

(သတင်းစဉ်)




# အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် နိုင်ငံရေးပါတီအစုအဖွဲ့များအနေဖြင့် ပါဝင်မည့်ကိုယ်စားလှယ်ရွေးချယ်

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ၏ ဆွေးနွေးပုံအဆင့်ဆင့်တွင် တာဝန်ယူဆောင်ရွက်ပေးမည့် လုပ်ငန်းကော်မတီများ၊ ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းရန်အတွက် နိုင်ငံရေးပါတီအစုအဖွဲ့များ၏ ကော်မတီကိုယ်စားလှယ်များရွေးချယ်မည့် စုဖွဲ့ညှိနှိုင်းမှုကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ Orchid ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၌ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် နိုင်ငံရေးပါတီအစုအဖွဲ့များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး ငါးနေရာအနက် ရွေးချယ်ရန်လိုအပ်နေသေးသည့် အတွင်းရေးမှူး နှစ်ဦးရွေးချယ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာသဘာဝ သယံဇာတနှင့် လုံခြုံရေးကဏ္ဍငါးခု၏ လုပ်ငန်းကော်မတီများတွင် ပါဝင်မည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❐





မြန်မာ့အလင်း

# အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်သော ရခိုင်ပြည်နယ်အရေးဖြေရှင်းမှု

ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၂) ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတဦးထင်ကျော်က သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့သည်ကို တွေ့ရပါသည်။

ထိုသဝဏ်လွှာတွင် ရခိုင်ပြည်နယ်သည် သဘာဝပထဝီဝင်အနေအထားအရ ရှည်လျားလှပသည့်ပင်လယ်ကမ်းရိုးတန်းဒေသကို ပိုင်ဆိုင်ထားပြီး အရှေ့ဘက်မှာရခိုင်ရိုးမတောင်တန်း၊ မြောက်ဘက်မှာမြေဆီသြဇာကောင်းသည့်လယ်မြေများစသည့် ရေခံမြေခံ ပထဝီအနေအထားကြောင့် ဆန်ရေစပါး၊ သားငါးနှင့် သဘာဝသယံဇာတပေါကြွယ်ဝသည့်အပြင် အဖိုးတန်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပေါများလှသောပြည်နယ်တစ်ခု ဖြစ်ကြောင်း ဖော်ပြထားသည်။

အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မေလ ၃၀ ရက်နေ့တွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ လုပ်ငန်းကော်မတီ(၄)ရပ်အဖြစ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး ကော်မတီ၊ ဒေသအတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီစသည်ဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့်ပညာရေး၊ ကျန်းမာရေးစသောအခြေခံကျသည့် ကဏ္ဍများကို ဆောင်ရွက်ရာတွင် တိုးတက်မှုများကိုမြင်တွေ့လာရပြီဖြစ်ကြောင်းသမ္မတ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဒီဇင်ဘာလ ၁၄ ရက်နေ့မှာပင် ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်ကိုလည်း တွေ့ရပါသည်။ ၎င်းမှာ ၂၀၁၆ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့၊ နိုဝင်ဘာလ ၁၂ ရက်နေ့နှင့် ၁၃ ရက်နေ့များက ရခိုင်ပြည်နယ်မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်ဖွဲ့စည်းခဲ့သော ဒုတိယသမ္မတဦးဆောင်သည့် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်ပင်ဖြစ်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်တွင်ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာမှ ထောက်ပံ့သောအကူအညီများကို ရခိုင်ပြည်နယ်အစိုးရက သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဝေထောက်ပံ့လျက်ရှိကြောင်း၊ အကြမ်းဖက်တိုက်ခိုက်သူများတွင် ပါဝင်သည်ဟုသံသယရှိသူများကို ဖမ်းဆီးစစ်ဆေးလျက်ရှိရာ မသက်ဆိုင်သူများကို ပြန်လွှတ် ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

ထို့ပြင် **The Guardian** သတင်းစာ၊ **South China Morning Post Website** တို့တွင်ဖော်ပြခဲ့သော သတင်းမှားယွင်းကြောင်းကိုလည်း ဖော်ထုတ်ထားသည်။ ၎င်းသတင်းများတွင် ကြက်ရိုးပြင်ရွာမှ ထွက်ပြေးလာသည်ဆိုသော အမျိုးသမီးတစ်ဦးနှင့် သမီးနှစ်ဦးတို့က အဓမ္မပြုကျင့်ခံရကြောင်း၊ ၎င်း၏ခင်ပွန်းမှာလည်း အသတ်ခံရကြောင်း၊ လုပ်ကြံလိမ်ညာသတင်းဖြန့်ချိမှုများကို ဖော်ပြထားရာ လက်တွေ့ကွင်းဆင်းလေ့လာမှုများအရ ၎င်းအမျိုးသမီးမှာ ထိုရွာတွင်မရှိကြောင်း၊ တွေ့ဖူးသူပင်မရှိကြောင်း အဖြစ်မှန်ပေါ်ထွက်လာခြင်းပင်ဖြစ်သည်။ ထိုသို့ရခိုင်ပြည်နယ်အရေးကိုပုံကြီးချဲ့ လိမ်ညာဖော်ပြမှုများကို လန်ဒန်ထုတ် **Daily Mail** သတင်းစာတွင်လည်းကောင်း၊ စင်ကာပူထုတ် **Independent** သတင်းစာတွင်လည်းကောင်း ဖော်ပြခဲ့ကြရာ ၎င်းတို့မှာ သတင်းမှားများ၊ လိမ်ညာဖော်ပြမှုများသာဖြစ်ကြောင်း အဖြစ်မှန်များ ပေါ်ထွက်လာခဲ့သည်။ နိုင်ငံတကာတွင် ထွက်ပေါ်နေသောသတင်းများမှာ ချဲ့ကားထားသောသတင်းများနှင့် လုပ်ကြံလိမ်ညာသောသတင်းများသာဖြစ်သည်ကို ကမ္ဘာက တွေ့မြင်ခဲ့ကြရပြီဖြစ်ပါသည်။

ယခု ဒီဇင်ဘာလ ၁၅ ရက်နေ့က **ICG(International Crisis Group)** က ထုတ်ပြန်သောအစီရင်ခံစာတွင် ရခိုင်ပြည်နယ်အတွင်းက အကြမ်းဖက်တိုက်ခိုက်မှုများသည် ဆော်ဒီအာရေဗျနှင့် ပါကစ္စတန်မှ အကြမ်းဖက်သမားအဖွဲ့ကွန်ရက်များနှင့် ဆက်စပ်သူတွေက ဦးဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဝါရှင်တန်ပို့စ် အပါအဝင်အချို့သောသတင်းစာကြီးများကလည်း ရခိုင်ပြည်နယ် သတင်းများမှာ မမှန်မကန်လိမ်ညာဝါဒဖြန့်မှုများသာဖြစ်ကြောင်း ဖော်ပြမှုများရှိလာပါသည်။

ထို့ကြောင့်ပင်နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စင်ကာပူရှိမြန်မာအသိုင်းအဝိုင်းနှင့်တွေ့ရာတွင် "မကျေနပ်မှုတွေထပ်ပြီး ကြီးမားလာအောင် မီးလောင်ရာလေပင့်အမြဲတစေတောင်းဆိုနေကြမယ့်အစား နှစ်ဖက်လူမှု အသိုင်းအဝိုင်းနှစ်ခုအကြား ဆက်ဆံရေးပိုကောင်းလာအောင် လုပ်ရာမှာ ကူညီကြမယ်ဆိုရင် သိပ်ကိုကျေးဇူးတင်မိမှာပါ" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်ပြဿနာကို အသုံးချခံပြဿနာတစ်ခုအဖြစ်မှ လွန်မြောက်အောင်ဖြေရှင်းရတော့မည်ဖြစ်သည်။ ထို့အတွက်နိုင်ငံတကာ မှ စိတ်ကောင်းရှိသူများသာမက ပြည်တွင်းအင်အားစုအသီးသီးကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြရပါသည်။ ။

# ဒေသန္တရရေနံချက်လုပ်ခြင်း လုပ်ငန်းယာယီလိုင်စင်များ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရေနံလက်ယက်တွင်းများမှ ထွက်ရှိသည့် ရေနံစိမ်းများကို ရေနံချက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များအား ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်း ယာယီလိုင်စင်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အခမဲ့ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်းကာ ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်အထိ သက်တမ်းရှိသော ဒေသန္တရရေနံချက်လုပ်ခြင်း ယာယီလိုင်စင်များကို ရန်ကုန်တိုင်းဒေသကြီးမှ လုပ်ငန်းရှင်တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှလုပ်ငန်းရှင်နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ လုပ်ငန်းရှင် ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လုပ်ငန်းရှင် ၁၂၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ လုပ်ငန်းရှင်နှစ်ဦး စုစုပေါင်းလုပ်ငန်းရှင် ၁၅၆ ဦးအား အခမဲ့ ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဒေသန္တရ ရေနံချက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များအနေဖြင့် ချက်လုပ်မည့် ကုန်ကြမ်း(ရေနံစိမ်း)ကို တရားဝင်လက်ယက်တွင်း လုပ်ကိုင်ခွင့်ရရှိသူထံမှသာ ရယူသုံးစွဲရမည်ဖြစ်ပြီး အဆိုပါ ကုန်ကြမ်းရယူမည့်ဒေသနှင့် ပမာဏအားဖော်ပြနိုင်ရမည်ဖြစ်ကြောင်း၊ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းတစ်ခုအတွက် ချက်လုပ်မှုစွမ်းရည် (Design Capacity) မှာ ၂၄ နာရီလျှင် အနည်းဆုံး ရေနံစိမ်း ဂါလန် ၁၀၀၀မှ အများဆုံး ဂါလန် ၃၀၀၀ ဖြစ်ရမည်ဖြစ်ကြောင်း၊ ဒေသန္တရရေနံချက်လုပ်ခြင်း လုပ်ငန်းတည်ဆောက်မည့်တည်နေရာ၊ ချက်လုပ်မည့်နည်းစဉ်၊ ချက်လုပ်မည့် အသေးစိတ်ဒီဇိုင်းပုံစံ၊ လုပ်ငန်းခွင် ဓာတ်ခွဲခန်း... ဓရိယာတစ်ခုလုံး၏ စကေးကိုက်အကွက်ချ၊ အသုံးပြုမည့် လောင်စာဆီ အမျိုးအစားများကို ရှင်းလင်းစွာတင်ပြနိုင်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတည်နေရာသည် ရေနံလက်ယက်တွင်းများနှင့် အနည်းဆုံးတစ်မိုင်၊ လူနေအိမ်ခြေများနှင့် အနည်းဆုံးကိုက် ၁၀၀၀ ကွာဝေးရမည်ဖြစ်ပြီး၊ ဓရိယာအကျယ်အဝန်း အနည်းဆုံး စတုရန်းပေ ၃၀၀၀၀ ရှိရမည်ဖြစ်ကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ လုပ်ကိုင်ဆောင်ရွက်သူများ သိရှိလိုက်နာနိုင်ရန် စည်းကမ်းသတ်မှတ်ချက်များထုတ်ထားကြောင်း သိရသည်။

ထို့ပြင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်နေရာသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး လုပ်ကွက်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊ သစ်တော ကြိုးဝိုင်းနယ်မြေ၊ သာသနာ့နယ်မြေ၊ နိုင်ငံတော်က ကန့်သတ်တားမြစ်ထားသည့်နယ်မြေ စသည့်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်အရဖြစ်စေ တားမြစ်ကန့်သတ်ထားသည့် နယ်မြေတို့နှင့် ကင်းလွတ်ရမည်ဖြစ်ကြောင်း၊ အဆိုပါအချက်များနှင့် ကင်းလွတ်သဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်များ ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လောင်စာသုံးစွဲမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်စေရန် တည်ဆဲပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ဒေသန္တရ ရေနံချက်လုပ်ငန်းများ ပိုမိုစနစ်ကျ၍ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းတို့ကို နိုဝင်ဘာလမှစ၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)နှင့် စက်ရုံများမှ အရာထမ်း၊ အမှုထမ်းများ ပါဝင်သောအဖွဲ့များဖွဲ့စည်းကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရေနံချက်ဖိုများအား သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ခြင်း၊ ပြင်ဆင်ရန် လိုအပ်ချက်များကို အသိပညာပေးခြင်းနှင့်သတ်မှတ်စည်းကမ်းချက်၊လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာအလင်း)**

**ထင်သာမြင်သာပြုပြင်စရာ**

# ငါ့သရောက်မြို့အမှတ်(၃)နှောတွင်းရပ်ကွက်အနီး ကတ္တရာလမ်းပျက်စီးနေမှု ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့အမှတ်(၃) နှောတွင်းရပ်ကွက်အနီး မြို့တွင်းကတ္တရာလမ်း ရေကျော်ချောင်းမှာ ယခုနှစ် အောက်တိုဘာလအတွင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ရေတိုက်စားကာ လမ်းပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမှာ အရှည်တစ်မိုင်ရှိပြီး ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၆၀၀ ဖြင့် ဒေသခံပြည်သူများ မြို့တွင်းသွားလာရာတွင် အဆင်ပြေစေရန် ခင်းကျင်းဆောင်ရွက် ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ယင်းကတ္တရာ လမ်းမှာ ပျက်စီးနေသဖြင့် ဒေသခံပြည်သူများ၏ မော်တော်ယာဉ် နှင့် မော်တော်ဆိုင်ကယ်များ မြို့တွင်းမောင်းနှင်သွားလာရာ၌ ယာဉ်အန္တရာယ်စိုးရိမ်နေရ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ဒေသခံပြည်သူများ မြို့တွင်းသွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် ပြန်လည်ပြုပြင်ပေးစေလိုကြောင်း သိရသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၆-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၃ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၆ · ၃၄ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၅၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၅၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုသိပ္ပံပွဲခင်း ၂၀၁၆ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုသိပ္ပံပွဲခင်း ၂၀၁၆ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမဥ္စကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ၁၉၂၀ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ် သည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် ဘွဲ့ရလူငယ်များ ပြုစုပျိုးထောင်ရာတွင် အဓိကအခန်းကဏ္ဍတွင် ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏အမျိုးသားအဆင့် တက္ကသိုလ်ကြီးအဖြစ် သတ်မှတ်ထားသည့် အစဉ်အလာကောင်းများ ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒေသလိုအပ်ချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် သင်တန်းအစီအစဉ်များ စနစ်တကျ ထိထိရောက်ရောက်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ရန်ကုန်တက္ကသိုလ်မှ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိသော သင်ကြားသင်ယူမှုနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ အားလုံးအနေဖြင့် သုတေသနလုပ်ငန်းများဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ သုတေသနရလဒ်များကို နိုင်ငံတကာသုတေသန ဂျာနယ်များတွင် သုတေသနစာတမ်းများရေးသားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား ပြောကြားလိုပါကြောင်း၊ သုတေသနစာတမ်းများကို နိုင်ငံတကာအဆင့်မီ ပြုစုရေးသားနိုင်မှသာလျှင် လက်တွေ့နယ်ပယ်နှင့် နီးစပ်သည့် သင်တန်းများဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးပြည့်ဝသော ဘွဲ့ရလူငယ်မောင်မယ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊

သိပ္ပံပွဲခင်းများပြုလုပ်ခြင်းသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ သုတေသနရလဒ်များနှင့် အသိပညာ၊ အတတ်ပညာများပေါ်တွင် အခြေပြုပြီး မိမိတို့၏ဆန်းသစ်တီထွင်နိုင်သည့် စွမ်းရည်ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် ဘွဲ့ရလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တက္ကသိုလ်တို့က တွန်းအားပေးကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်သော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာနှင့် တန်ဖိုးများကို အလေးထား ကာကွယ်စောင့်ရှောက် ထိန်းသိမ်းမြှင့်တင်နိုင်ကြစေရန် မိသားစုစိတ်ဓာတ်နှင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ရာပြည့်အကြို သိပ္ပံပွဲခင်း ၂၀၁၆ ကျင်းပခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းတို့က သိပ္ပံပွဲခင်း ၂၀၁၆ ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** သိပ္ပံပွဲခင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေး ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေ ရေးဆွဲရေးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် အချက် ၁၁ ချက်ကို ဆုံးဖြတ်နိုင်ခဲ့ကြောင်း၊ ယင်းအချက်များကို ယနေ့ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မီဒီယာသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်တွင် တိုးတက်ပြောင်းလဲမှု မည်မျှရှိသည်ကို အကဲဖြတ်တိုင်းတာသည့်နေရာလည်း ဖြစ်ပါကြောင်း ၊ မီဒီယာဆိုင်ရာ ဥပဒေများသည် သတင်းမီဒီယာများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်မည်မျှရရှိနေပြီဆိုခြင်းကို ဖော်ပြနိုင်ပါကြောင်း၊ ရုပ်သံနှင့်ပတ်သက်၍လည်း ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများ၊ အခြားသော ရုပ်သံလုပ်ငန်းများ မည်မျှအထိ လုပ်ပိုင်ခွင့်ရရှိလာသည်ဟူသည့် အချက်အပေါ် အများက စောင့်ကြည့်နေကြပါကြောင်း၊ မိမိတို့နှင့် တွေ့ထိရသည့် ပုဂ္ဂိုလ်တိုင်းကလည်း ယင်းအချက်ကို မေးမြန်း တောင်းဆိုနေကြပါကြောင်း၊ ယခင်က ရုပ်သံဆိုင်ရာ ဥပဒေတစ်ရပ် ရှိခဲ့ပါကြောင်း၊ ယခုအခါတွင် ပြောင်းလဲလာသည့် အခြေအနေများအပေါ်မူတည်၍ ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်သည့်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပါကြောင်း၊ အမြန်ဆုံးပြီးစီးစေရန်လည်း ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားသောရုပ်သံလုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ကိုင်လိုသူများအတွက် နည်းလမ်းများ ရှာဖွေလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ဥပဒေပြင်ဆင်ထားရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သုံးသပ်နိုင်ရန်နှင့် နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် လိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

နိုင်ငံရေးပါတီ အစုအဖွဲ့အနေဖြင့် ဆွေးနွေးပွဲမှရရှိလာသည့် လုပ်ငန်းကော်မတီများ၊ ကြီးကြပ်ရေးကော်မတီများတွင် ပါဝင်မည့် ကိုယ်စားလှယ်စာရင်းများကို ဒီဇင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့ NRPC ၌ ကျင်းပမည့် UPDJC အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးတွင် ဆွေးနွေးသည့် အကြောင်းအရာများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တာဝန်ယူဆောင်ရွက်ပေးမည့် လုပ်ငန်းကော်မတီများ၊ ကြီးကြပ်ရေး ကော်မတီများအတွက် စုဖွဲ့မှုပုံစံနှင့် လက်ရှိ နိုင်ငံရေးအခင်းအကျင်းတို့အား သိရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီအစု အဖွဲ့ကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်း ရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အတွင်းရေးမှူး စိုင်းကျော်ညွန့်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်)အား တွေ့ဆုံမေးမြန်းခဲ့သည်။

"အခုအစည်းအဝေးက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ ဆွေးနွေးပုံအဆင့်ဆင့်မှာ လုပ်ငန်းကော်မတီတို့၊ ကြီးကြပ်ရေးကော်မတီတို့အတွက်ပါ။ လုပ်ငန်းကော်မတီမှာဆိုလည်း ကျွန်တော်တို့ နိုင်ငံရေးပါတီ အဆင့်ဆင့်တွေပါတယ်။ ကြီးကြပ်ရေးကော်မတီဆိုရင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေအလိုက်ပါတော့ ကော်မတီတွေမှာပါဖို့ ဘယ်လိုရွေးချယ်မယ်ဆိုတာတွေ ဆွေးနွေးတာပါ။ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး၊ မြေယာသဘာဝသယံဇာတနဲ့ လုံခြုံရေးကဏ္ဍငါးခုအတွက် ကဏ္ဍတစ်ခုစီမှာ အတွင်းရေးမှူး သုံးယောက်ပါမယ်။ အစိုးရကိုယ်စားလှယ်တစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်ဘက်ကကိုယ်စားလှယ်တစ်ဦး၊ ကျွန်တော်တို့ နိုင်ငံရေးပါတီဘက်က ကိုယ်စားလှယ်တစ်ဦးပေါ့။ ကဏ္ဍငါးခုအတွက်ဆို အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်၊ နိုင်ငံရေးပါတီ အစုသုံးစုက ကိုယ်စားလှယ်ငါးဦးစီနဲ့ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ၁၅ဦးပါပါမယ်။ နောက်အတွင်းရေးမှူး မဟုတ်ဘဲ အစိုးရအစုက လေးယောက်၊ တိုင်းရင်းသားလက်နက်ကိုင်ဘက်က လေးယောက်နဲ့ နိုင်ငံရေးပါတီဘက်က လေးယောက်ဆိုပြီး ၁၂ ဦးထပ်ပါမယ်။ ဒါဆို အစုတစ်စုစီက ကဏ္ဍအားလုံးအတွက် ၂၅ယောက်ဖြစ်သွားပါမယ်"ဟု ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအတွက် နိုင်ငံရေးပါတီအစုအဖွဲ့မှ လက်ရှိရွေးချယ်ထားပြီး သုံးဦးရှိရာ နောက်ထပ်အတွင်းရေးမှူး နှစ်ဦးအား မည်သူတွေကိုရွေးချယ်မလဲ မေးခွန်းနှင့် ပတ်သက်၍ "ကျွန်တော်တို့ UPDJC မှာပါတဲ့ နိုင်ငံရေးပါတီများက ပြီးခဲ့တဲ့ အစည်းအဝေးမှာကတည်းက ရွေးချယ်တာရှိပါတယ်။ နောက်ထပ်တိုးချဲ့မယ့် UPDJC အတွင်းရေးမှူး နှစ်ယောက်အတွက်လည်း လျာထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေက ရွေးချယ်ထားတဲ့ ပထမ UPDJC အတွင်းရေးမှူး သုံးယောက်က ကျွန်တော် စိုင်းကျော်ညွန့်ရယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးနိုင်ငံလင်းရယ်၊ နောက် ကြံ့ခိုင်ရေးပါတီက ဦးမြင့်စိုးရယ်ပါ။ တိုးချဲ့ဖို့ကတော့ မွန်အမျိုးသားပါတီက ဦးကျော်ဇေယျာဦးရယ်၊ တအာင်းပလောင်အမျိုးသားပါတီက တာလုဖေရယ်ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အစိုးရအစုအဖွဲ့ကလည်း အတွင်းရေးမှူး ငါးနေရာအတွက် ထပ်တိုးရွေးချယ်မှာပါ။ ဒီဇင်ဘာ ၁၇ ရက်မှာဆိုလည်း ကျွန်တော်တို့ UPDJC အတွင်းရေးမှူးတွေရဲ့ အစည်းအဝေးရှိတယ်။ အဲ့ဒီမှာ လုပ်ငန်းကော်မတီဖွဲ့ရမှာတွေ၊ ကြီးကြပ်ရေးကော်မတီဖွဲ့ရမှာတွေ ရှိပါတယ်"ဟု ပြောကြားသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန် နိုင်ငံရေးပါတီအစုအဖွဲ့များ အဆင်သင့်ဖြစ်ပြီလားမေးခွန်းနှင့်ပတ်သက်၍ "နိုင်ငံရေးပါတီတွေက နည်းနည်းအခက်အခဲ ရှိတယ်။ ငွေရေးကြေးရေး ကိစ္စရှိတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်မယ်ဆိုတော့ ရန်ပုံငွေကိစ္စအခက်အခဲရှိတယ်။ နိုင်ငံရေးပါတီက တိုက်ရိုက် ငွေကြေးအကူလည်း ယူလို့မရဘူး။ နောက်ကြားထဲမှာ ကြားခံအဖွဲ့အစည်း တစ်ခုခုကနေ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲလုပ်မယ်။ ဒီတော့ စီစဉ်ရဦးမယ်။ နိုင်ငံရေးပါတီတွေ လုပ်ချင်တယ်ဆိုရင် ကျွန်တော်တို့ ရှမ်းမှာဆို ကျွန်တော်တို့ SNLD တစ်ခုတည်းမဟုတ်တော့ ဘယ်လိုလုပ်မလဲ။ အနိုင်မရတဲ့ အခြားပါတီတွေလည်း ရှိတယ်။ ဘယ်လိုလုပ်မလဲ။ ပူးပေါင်းပြီးတော့ လုပ်မလား။ နောက်တိုင်းရင်းသားလက်နက်ကိုင် (EAOs) တွေနဲ့ ပေါင်းမလား။ မနိုင်တဲ့ပါတီတွေ ခေါ်မယ်။ နောက် EAOs တွေနဲ့ ပေါင်းမလား။ ဒါတွေရှိတယ်"ဟု ဖြေကြားသည်။

ဖေဖော်ဝါရီလတွင် (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး စတင်ကျင်းပမည်ဖြစ်သဖြင့် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများအတွက် အချိန်လုံလောက်မှု ရှိမရှိ မေးမြန်းရာ "အချိန်ဆိုတာကိုတော့ ကျွန်တော်က မေ့ထားစေချင်တယ်၊ ထွက်လာတဲ့ ရလဒ်က ဘယ်လောက်ကိုယ်စားပြုမှုရှိမလဲ။ ဒါကိုလည်း စဉ်းစားဖို့လိုမယ်။ ကျွန်တော်တို့က အတတ်နိုင်ဆုံးကြိုးစားလုပ်မယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးက ဖေဖော်ဝါရီမှာလုပ်မယ်။ နောက်ရွှေ့တော့ရော ဘာဖြစ်လဲ။ ဒါက ကျွန်တော်တစ်ဦးတည်း သဘောထားကို ပြောတာပါ။ ခြောက်လတစ်ကြိမ်ပဲ ကျွန်တော်တို့က ပုံမှန်လုပ်နေမှာလား။ ခြောက်လဆိုတာကိုမေ့ပြီး တစ်လ၊ နှစ်လနောက်ဆုတ်လုပ်ရင်ရော မရဘူးလား။ ဒါဆို ပိုအဆင်ပြေမယ်။ နောက် NCA မထိုးထားတဲ့သူတွေ ရှိသေးတယ်။ သူတို့ပါဝင်လာအောင် ဘယ်လိုလုပ်မလဲ။ အဓိက က ဗျူဟာကျတဲ့အရာကို ပိုပြီး ဦးစားပေးစေချင်တယ်။ မဖြစ်မနေ လုပ်မယ်၊ လုပ်မှုရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အနှစ်သာရပိုင်းကို ဘယ်လို စဉ်းစားမလဲ။ ညီလာခံဆိုတဲ့အတိုင်း အနှစ်သာရပိုင်းကို ဦးစားမပေးသင့်ဘူးလား။ ဒါက ကျွန်တော့်အမြင်နဲ့ မေးခွန်းပါ"ဟု ဖြေကြားသည်။

တအာင်းပလောင် TNLA အဖွဲ့က ဖမ်းသွားသည့် SNLD ပါတီဝင်များနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေကို မေးမြန်းရာ "ဒါကတော့ အချို့ကို ပြန်လွှတ်ပေးလိုက်တယ်။ အချို့ကျန်နေသေးတယ်ကြားတယ်။ လူဦးရေစာရင်း အတိအကျတော့ ကျွန်တော့်လက်ထဲမှာ မရှိသေးဘူး။ ကျွန်တော့် တွဲဖက်အတွင်းရေးမှူး(၁)က အတိအကျ ပိုသိပါလိမ့်မယ်။ နိုင်ငံရေးပါတီတွေ နိုင်ငံရေးလုပ်တယ်ဆိုတာ နိုင်ငံရေးနည်းလမ်းနဲ့ လုပ်တာပါ။ လက်နက်ကိုင်အဖွဲ့အစည်းတွေက နိုင်ငံရေးနည်းလမ်းနဲ့မဟုတ်ဘဲ စစ်ရေးနည်းလမ်းနဲ့ လုပ်တယ်။ စစ်ရေးနည်းလမ်းကို ယုံကြည်တဲ့သူက သူတို့ဆီလာပါလိမ့်မယ်။ သူများသဘောထား မပါဘဲနဲ့ အတင်းအဓမ္မကြီး စုဆောင်းတဲ့ပုံတော့ ကျွန်တော်မဖြစ်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ သိက္ခာကျတယ်။ ဘယ်အဖွဲ့အစည်းရယ်လို့ ပြောတာမဟုတ်ဘူး။ ရှမ်းလက်နက်ကိုင်ပဲ ပြောပြော၊ ကျန်တဲ့ ကချင်၊ ကယား၊ ကရင်ရှိတဲ့ လက်နက်ကိုင်ပဲပြောပြော တိုင်းရင်းသားလက်နက်ကိုင်တွေက စစ်ရေးနည်းလမ်းကို ပိုကြိုက်လို့ စစ်ရေးအရ နိုင်ငံရေးလုပ်တယ်ဆိုရင် စုပါ၊ ဖွဲ့ပါ။ သဘောမတူတဲ့လူကိုတော့ဖြင့် အတင်းအကျပ်မခေါ်ပါနဲ့လို့ ပြောချင်ပါတယ်"ဟု ပြောသည်။



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ သီတဂူဆရာတော်၊ ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဂိုအာပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အိန္ဒိယသမ္မတနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းတရားကြီး အုတ်နန်းပြာသာဒ်ဆောင်၌ ကျင်းပသည့် သီပေါမင်း နတ်ရွာစံသက် နှစ် ၁၀၀ ပြည့် အလှူအခမ်းအနား တက်ရောက်ခဲ့သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သံဃာတော်များနှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Thibaw Point ၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဂိုအာပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ တွေ့ဆုံပွဲတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ တရားနာယူကြပြီး သီတဂူဆရာတော်ကြီးက သြဝါဒစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယဗုဒ္ဓဘာသာအစည်းအရုံးကိုယ်စားလှယ် Mr.C.Ruthna Swamy က ဒေသခံ ဗုဒ္ဓဘာသာဝင်များကိုယ်စား မိတ်ဆက်စကားပြောကြားပြီး အိန္ဒိယဆရာတော် Bthale Sumedho က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်ဝေတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**သီတဂူဆရာတော်ကြီးက ဂိုအာပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များ တွေ့ဆုံပွဲ တက်ရောက်လာသူများအား သြဝါဒစကား မြွက်ကြားစဉ်**



*** *ရှေ့ဖုံးမှ***

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီပေါမင်း စံအိမ်တော်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သီပေါမင်း၏ အနွယ်တော်များက နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော်များအား Land Mark Hotel ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ သီပေါမင်းအနွယ်တော်များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးစဉ်**
(သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မန္တလေးတိုင်းဒေသကြီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ

**မန္တလေး ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ပြည်သူလူထုနှင့် နိုင်ငံတော်က လက်ခံသော ရွေးကောက်ပွဲ တစ်ရပ်ဖြစ်ခဲ့သော်လည်း အနည်းနှင့်အများဆိုသကဲ့သို့ အားနည်းချက်များ၊ အခက်အခဲ များ ကြုံတွေ့ခဲ့ရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် လစ်လပ်မဲဆန္ဒနယ်မရှိသည့်အတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် မရှိသော်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲများကို အများပြည်သူ ယုံကြည် လက်ခံသော ရွေးကောက်ပွဲအဖြစ် ကျင်းပပေးနိုင်ရန် အဖွဲ့ခွဲအဆင့်ဆင့်အနေနှင့် ပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ အခက်အခဲများနှင့်ပတ်သက်ပြီး ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဆင့်ကဲဆင့်ကဲ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း တင်ပြချက်ကိုသာ စောင့်ဆိုင်းမနေဘဲ လက်အောက်ကိုလည်း အမြဲကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တိထွင်မှုရှိရန်နှင့် လေလွင့်မှုမရှိစေရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများက ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများ၊ လတ်တလောရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြကြသည်။




တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်း ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**အေးမြ(မန္တလေး)**

# ၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (အလုပ်သမားရေးရာ)ဆိုင်ရာ ၂၀၁၆ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနမှ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အဓိကထားဦးစားပေးပြီး ပြည်သူတို့ အမှန်တကယ်လိုလားတောင်းတသည့် ပြည်သူ့အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစဉ် ၁၃ မျိုးကို ရွေးချယ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များထဲမှ အလုပ်သမားရေးရာနှင့်ဆိုင်သော လုပ်ငန်း စဉ် (၇) မျိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းစဉ် (၆)မျိုး တို့ကို သတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း။

လက်ရှိအနေအထားအရ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ ပြည်သူကိုဗဟိုပြုရန်၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ဆက်ဆံရေးပြေပြစ်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူသိရှိအောင် ဆောင်ရွက်နိုင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ ဌာနတစ်ခု အောင်မြင်စေရေး ဆောင်ရွက်ရာတွင် အထက်အောက် ဘေးဘယ်ညာဆက်ဆံရေးပြေပြစ်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး အချိန်ကိုက်ဆောင်ရွက်နိုင်ရေးသည်လည်း အထူးပင်အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို အသီးသီး ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးတင်ပြပြီး၊ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးတွင် အလုပ်သမားရေးရာဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူမှုအသိုက်အဝန်းအတူတွဲနေထိုင်ရေးနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့မာစီရယ်သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရက ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် မောင်တောနယ်မြေ၏ လက်ရှိတည်ငြိမ်အေးချမ်းမှု၊ တိုးတက်မှုနှင့် လုံခြုံရေးအခြေအနေများ၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒုက္ခသည်များ ပြန်လည်နေရာချထားပေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင် လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ဒေသအတွင်း လွတ်လပ်ခွင့်၊ လုံခြုံမှုနှင့် လူ့အခွင့်အရေးဟန်ချက်မျှတမှုရှိစေရေး လက်ရှိမြေပြင်အခြေအနေများနှင့်ကိုက်ညီအောင် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူမှုအသိုက်အဝန်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲ နေထိုင်ရေးနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် နှစ်နိုင်ငံပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအားဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**



# အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်-မန္တလေး)လှေလှော်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်/မန္တလေး) ကျောင်းများ လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ ၁၅ ရက်နံနက်က ရန်ကုန်မြို့ အင်းလျားကန်၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ အားကစားနှင့် ကာယပညာသိပ္ပံ ရန်ကုန်၊ မန္တလေး ကျောင်းမှာရှိတဲ့ အားကစားသမားတွေ၊ နိုင်ငံတကာ အတွေ့အကြုံရှိဖို့၊ မျိုးဆက်သစ် ကစားသမားပေါ်ထွက်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ ကနူးလှေ၊ ကယက်ပြိုင်ပွဲတွေ ကျင်းပတာ ဖြစ်ပါတယ်။ (၂၉)ကြိမ်မြောက် ဆီးဂိမ်းမှာ မပါဝင်ပေမယ့် နိုင်ငံတကာ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ လက်ရွေးစင်အားကစားသမားတွေကိုလည်း တန်းမဖြုတ်ဘဲ စခန်းသွင်းလေ့ကျင့်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။



ဗိုလ်လုပွဲများအပြီး အမျိုးသား အမျိုးသမီးကယက်တစ်ယောက်လှော် မီတာ ၂၀၀၊ ၅၀၀၊ အမျိုးသား အမျိုးသမီး ကနူးတစ်ယောက်လှော် မီတာ ၂၀၀ တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိကျင်းပခဲ့ပြီး အားကစားနှင့် ကာယပညာသိပ္ပံ ရန်ကုန်၊ မန္တလေးမှ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။
**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၁၆**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (ဂ) ပွဲစဉ်ယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၅ ရက်ကဟောင်ကောင်လူငယ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲအတွက် ကာလရှည်စခန်းဝင်လေ့ကျင့်ထားပြီး စနစ်တကျပြင်ဆင်ထားသည့် အသင်းဖြစ်သည်။ ခြေစစ်ပွဲမတိုင်မီ ဟောင်ကောင်အသင်းနှင့်သာ နိုင်ငံတကာခြေစမ်းပွဲကစားခဲ့ရသောကြောင့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအနေဖြင့် နိုင်ငံတကာ အတွေ့အကြုံပိုင်းတွင် လိုအပ်ချက်ရှိနိုင်သော်လည်း ဟောင်ကောင်အသင်းနှင့်ပွဲတွင် အသင်း၏ လိုအပ်ချက်၊ အားနည်းချက်များကို တွေ့မြင်ခဲ့ရရာ ခြေစစ်ပွဲအမီ ပြန်လည်ပြင်ဆင်နိုင်ရန် လိုအပ်ပေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်က ဆောင်ရွက်လျက်ရှိပြီး ရွှေခေတ်ဘောလုံးသမားဟောင်း ဦးအေးမောင်ကြီးက အုပ်ချုပ်သူအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု (ဂ) ပွဲစဉ်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိသုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ္စတန်အသင်းတို့ ပါဝင်လျက်ရှိသည်။ ခြေစစ်ပွဲတွင်အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းသည် ထိုင်းအသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဦးအေးမောင်ကြီး၊ နည်းပြချုပ်-ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြ-ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ-ဒေါ်မေခင်ယမင်း၊ ကစားသမားများအဖြစ် **ဂိုး**-မျိုးမြမြငြိမ်း(ပြည်ထဲရေး)၊ ခိုင်ဇာဝင်း(အား/ကာ သိပ္ပံ မန္တလေး)၊ မေသဇင်ထွန်း (ရှမ်းပြည်နယ်)၊ **နောက်တန်း**- ငယ်ငယ်ထွေး(ပြည်ထဲရေး)၊ ခင်ပြည့်လင်း(အား/ကာ သိပ္ပံ မန္တလေး)၊ အိသိင်္ဂီကျော်(အား/ကာ သိပ္ပံ မန္တလေး)၊ သဥ္ဇာချို(အား/ကာ သိပ္ပံ မန္တလေး)၊ အိရတနာဖြိုး(အား/ကာသိပ္ပံ မန္တလေး)၊ ခင်မျိုးဝင်း(အား/ကာ သိပ္ပံ မန္တလေး)၊ နန်းဇူးဇူးထက် (မြဝတီအက်ဖ်စီ)၊ ကေဇင်မြင့်(အား/ကာ သိပ္ပံ မန္တလေး)၊ ယမင်းလွင် (ပြည်ထဲရေး)၊ **အလယ်တန်း**-ရွှေမိုးအေး(အား/ကာ သိပ္ပံ ရန်ကုန်)၊ မေသက်ခိုင်(မြဝတီအက်ဖ်စီ)၊ ခင်မိုမိုထွန်း(ပြည်ထဲရေး)၊ ဇင်ဇင်နိုင်(အား/ကာ သိပ္ပံ မန္တလေး)၊ နန်းမေသဇင်(အား/ကာ သိပ္ပံ ရန်ကုန်)၊ဇွန်ပွင့်ဖြူ(အား/ကာ သိပ္ပံ မန္တလေး)၊ ဇင်မိုးထက် (အား/ကာ သိပ္ပံ မန္တလေး)၊ သင်းသင်းယု(အား/ကာ သိပ္ပံ ရန်ကုန်)၊ **ရှေ့တန်း**-နုနု(အား/ကာ သိပ္ပံ မန္တလေး)၊ ဇူလိုင်ကျော် (ပြည်ထဲရေး)၊ သင်းသင်းမော် (ရန်ကုန်တိုင်း)တို့ ပါဝင်ကြသည်။
**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**


မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို တွေ့ရစဉ်

❍ *ကျောဖုံးမှ*

ထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နေပြည်တော်ခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာတော် ဒေါက်တာ တင်မောင်အေးက မွေးနေ့တော် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နှုတ်ခွန်းဆက်မေတ္တာစကား ပြောကြားသည်။

ထို့နောက် သိက္ခာတော်ရဆရာတော် ဦးထွန်းလှက ဓမ္မဂုဏ်တော်ချီးမွမ်းပြီး သိက္ခာတော်ရဆရာတော် ဦးစောရွှေလင်းက မွေးနေ့တော်အထူးဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နေပြည်တော်ခရစ်ယာန်အသင်းတော်များကောင်စီက တည်ခင်းဧည့်ခံသည့် ခရစ်တော်မွေးနေ့ မိတ်သဟာယ ညစာစားပွဲသို့ တက်ရောက်သည်။ ( **သတင်းစဉ်** )

❖ *ကျောဖုံးမှ*

အကောင်အထည်ဖော်မည့် မောင်းမကန်ရွာမှ ဦးယုတန်က ပြောကြားသည်။

မောင်းမကန်ကမ်းခြေ၌ နိုင်ငံခြားသားခရီးသွား ဧည့်သည်အများစုနှင့် ပြည်တွင်းဧည့်သည်များမှာ တနင်္သာရီဟိုတယ်နှင့် ကိုကိုးနပ်ဟိုတယ်များ၌ တည်းခိုနေထိုင်မှုများပြီး ကျန်တည်းခိုရာနေရာများ၌လည်း ပြည်တွင်းခရီးသွား ဧည့်သည်များ လာရောက်တည်းခိုနိုင်ကြောင်း သိရသည်။ တနင်္သာရီဟိုတယ်တွင် ဧည့်သည်များအတွက် ငါးများတံနှင့် လှေကိုငှားရမ်းကြောင်း၊ စပိဘုတ်လေးများ လည်းရှိကြောင်း ၎င်းကဆက်လက်ပြောသည်။

မောင်းမကန်ကမ်းခြေအနီးဝန်းကျင်၌ လောင်းလုံးဘုတ်ကျွန်း၊ မောင်းမကန်ဘုတ်ကျွန်း၊ ဘုတ်ရေကန်ကျွန်း၊ ဟိန်းဇဲဘုတ်ကျွန်း စသည်တို့ရှိနေရာ အဆိုပါကျွန်းများသို့ စက်တပ်ရေယာဉ်ငယ်ဖြင့် မိနစ် ၃၀၊ မိနစ် ၅၀၊ တစ်နာရီကျော် စသည်ဖြင့် သွားရောက်နိုင်ကြောင်း သိရသည်။ သို့ရာတွင် လှိုင်းလေထန်ပါက သွားရောက်ရန် မသင့်ကြောင်း၊ အမြန်ကယ်ဆယ်ရေယာဉ်ငယ်တစ်စင်းလျှင် ခရီးသည် ၁၀ ဦးခန့် လိုက်ပါနိုင်ကြောင်း သိရသည်။

ပွင့်လင်းရာသီတွင် မောင်းမကန်ကမ်းခြေအနီး ကျွန်းများနှင့် ပင်လယ်ပြင်ခရီးစဉ်အတွက် လိုက်ပါပို့ဆောင်ပေးနိုင်ရေး ရေယာဉ်ငယ်များကို ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ဧည့်သည်များအတွက် ဝန်ဆောင်မှုပေးရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**
မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ပထမအကြိမ် ကလပ်ပေါင်းစုံ၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၄ ရက် စနေနေ့တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အငယ်တန်းနှင့် အလွတ်တန်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ အငယ်တန်းပြိုင်ပွဲများတွင် အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် အိုလံပစ်အထိမ်းအမှတ်ပြိုင်ပွဲ၊ ပြည်နယ်/တိုင်းဒေသကြီးပြိုင်ပွဲနှင့် ပြည်ထောင်စု မောင်/မယ် ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သူများနှင့် မြန်မာ့လက်ရွေးစင်ဖြစ်ခဲ့ဖူးသူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိဘဲ အလွတ်တန်းပြိုင်ပွဲတွင် မည်သူမဆို ကိုယ်အလေးချိန်ကန့်သတ်ချက်မရှိဘဲ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ အတန်းတစ်တန်းတည်းသာ ကျင်းပမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲများတွင် အငယ်တန်းပြိုင်ပွဲအတွက် ၅၅၊ ၆၀၊ ၆၅၊ ၇၀ နှင့် ၇၀ ကီလိုအထက်ဟူ၍ ၅ တန်းခွဲခြားထားသည်။ အမျိုးသမီးအငယ်တန်းနှင့် အလွတ်တန်းပြိုင်ပွဲများတွင် Model Plysique ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ကလပ်အသင်းများသည် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်စိန်သန်း ဖုန်း -၀၉-၄၅၀၀၂၅၈၆ နှင့် တွဲဖက်အတွင်းရေးမှူး(၂)ဒေါ်ရီရီဝင်း ဖုန်း -၀၉-၄၃၁၃၀၈၄၈ ထံသို့ ဒီဇင်ဘာ ၂၇ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်မှ စတင်၍ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ကလပ်အသင်းများကို စိစစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။
**မင်းခေတ်**

# ဆေးပညာသတင်းဆန်းများ (၁၄၈)

ဒေါက်တာကံညွန့်

### မက္ကဆီကိုတွင် ဆီးချိုရောဂါသံသယရှိသူတိုင်း စမ်းသပ်စစ်ဆေး

ကမ္ဘာမှာ ကူးစက်ရောဂါဖြစ်ပွားတာမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံမှာ Medical Emergency အဖြစ် ကြေညာလိုက်တဲ့နိုင်ငံတစ်နိုင်ငံ ရှိပါပြီ။ ဒီနိုင်ငံကတော့ Mexico နိုင်ငံဖြစ်ပါတယ်။ သူတို့နိုင်ငံမှာ အဝလွန်ပြဿနာနှင့်အတူ ဆီးချိုရောဂါကြောင့် သေဆုံးသူဟာ ၂၀၁၄ ခုနှစ်က ၉၄၀၀၀ ကျော်ရှိပြီး ၂၀၁၅ ခုနှစ်မှာတော့ ၉၈၄၅၀ အထိ တိုးလာတယ်။ တစ်နှစ်အတွင်း လူ ၄၀၀၀ ကျော် ပိုပြီး သေဆုံးနေရတာကို Mexico အစိုးရတော့ Medical Emergency အဖြစ် ကြေညာသင့်တယ်ထင်ပြီး ကြေညာလိုက်တာဖြစ်ပါတယ်။ ဒီလိုကြေညာတယ်ဆိုတာများသောအားဖြင့် ကူးစက်ရောဂါဖြစ်တဲ့နိုင်ငံတွေ ဥပမာ-ဘရာဇီးနိုင်ငံလို ဇီကာရောဂါပြန့်ပွားနှုန်း မြန်ဆန်တဲ့အတွက် State of Medical Emergency ကြေညာရတာဖြစ်ပါတယ်။

Mexico နိုင်ငံမှာ ၁၉၈၀ ပြည့်နှစ်လောက်က လူပေါင်း ၁၄၆၂၆ ဟာ ဆီးချိုရောဂါကြောင့် သေဆုံးခဲ့ပါတယ်။ ဒါပြီး ယခုနှစ်ပေါင်း ၃၅ နှစ်အကြာမှာ ဆီးချိုကြောင့် အသက်ဆုံးရှုံးရသူ ၇ သန်းကျော်ရှိတယ်။ ဒါဟာ Mexico တစ်နိုင်ငံလုံး လူဦးရေရဲ့ ၉ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နိုင်ငံအစိုးရဟာ အဝလွန်မှုလျှော့ချပြီး ဆီးချိုရောဂါသံသယရှိသူတိုင်းကို ဆီးချိုစမ်းသပ်ခြင်း၊ ဆေးကုသခံယူစေခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးပညာပေးမှုဆောင်ရွက်ခြင်း ပြုလုပ်ပေးနေရကြောင်း တင်ပြလိုက်ရပါတယ်။



### ဇီကာရောဂါသည် အမျိုးသားများမျိုးမအောင်သည့်ရောဂါဖြစ်ပွားနိုင်

အခုဖော်ပြလိုတဲ့သတင်းကတော့ ဇီကာရောဂါနှင့်ပတ်သက်ပါတယ်။ ယောကျ်ားတွေအတွက် အထူးသတိထားစရာအချက်ပါ။ ဇီကာရောဂါဟာ ကြွက်တွေမှာ စမ်းသပ်ကြည့်တဲ့အခါ Testis ခေါ် ဝှေးစေ့ရောင်ရောဂါဖြစ်ပြီး မျိုးမအောင်တဲ့ ရောဂါပါဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကို St Lousi Washington University က သုတေသီတွေ လေ့လာတွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ကြွက်တွေမှာ စမ်းသပ်တဲ့အခါ ယင်းတွေ့ရှိချက်ကို တွေ့ရတယ်လို့ဆိုပါတယ်။ လူတွေမှာတော့ ဒီလိုဖြစ်တာ အခုထိမတွေ့ရသေးလို့ ဆိုပါတယ်။ ဒါပေမယ့် ဒါဟာစောင့်ကြည့်လေ့လာစရာဖြစ်နေတယ်လို့ဆိုပါတယ်။ ယခင်လေ့လာချက်တွေအရ ဇီကာဗိုင်းရပ်ပိုးဟာ လူတွေရဲ့ သုတ်ရေမှာ ခြောက်လအထိ ရှိနေနိုင်ပါတယ်။ ဒါကြောင့် ဇီကာဖြစ်တဲ့ ယောကျ်ားတွေ သုတ်ရေကတစ်ဆင့် လိင်ဆက်ဆံတာကတစ်ဆင့် တစ်ပါးသူကို ကူးစက်နိုင်တယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်က ရှိနေတာကြောင့် တစ်နေ့မှာ မျိုးမအောင်တဲ့ရောဂါမရနိုင်ဘူးဆိုတာ မပြောနိုင်ဘူးလို့ ဒီလေ့လာချက်ကို ဦးဆောင်လေ့လာခဲ့သူ Washington University က Michael Diamond ရဲ့ပြောစကားကို တင်ပြလိုက်ရပါတယ်။

### ဇီကာရောဂါပိုးကို အဓိက ခုခံတိုက်နေသည့်ကိုယ်ခံအားတွေ့ရှိ

နောက်ထပ် ဇီကာရောဂါနှင့်ပတ်သက်တဲ့ လူသားတွေအတွက် အကျိုးသက်ရောက်မယ့်ဝမ်းသာစရာ တွေ့ရှိချက်တစ်ခုကိုလည်း တင်ပြပါရစေ။ ဒါကတော့ ကိုယ်ခံစွမ်းအားထဲမှာ ဇီကာရောဂါပိုးကို အဓိက ခုခံတိုက်နေတဲ့ ကိုယ်ခံအား Antibody ကို တွေ့ရှိရပြီလို့ ဆိုပါတယ်။ ဒါကို တွေ့ရှိခဲ့သူ ဆေးပညာရှင်တွေကတော့ အမေရိကန်နိုင်ငံ Vanderbilt University Medical Countre က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ဓာတ်ခွဲခန်းမှာ ဇီကာရောဂါခံစားနေရသူတွေထဲမှ သွေးနမူနာများကိုယူ၍ စမ်းသပ်တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီ Antibody နာမည်ကတော့ ဇီကာ-117 လို့ အမည်ပေးထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပိုသေချာအောင် ဓာတ်ခွဲခန်းမှာ ကြွက်တွေထံမှ စမ်းသပ်တဲ့အခါလည်း အစွမ်းရှိတဲ့ Antibody ဖြစ်နေတာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါဟာ ဇီကာရောဂါအတွက် ကာကွယ်ဆေးဖော်စပ်နိုင်ဖို့ အလွန်နီးစပ်သွားပြီဆိုတာ ဝမ်းသာစရာသတင်းအဖြစ် တင်ပြလိုက်ရပါတယ်။

### သက်ကြီးရွယ်အိုများအတွက် ခါးပတ်တစ်ခုတီထွင်

အခုဖော်ပြမယ့် သတင်းကတော့ သက်ကြီးရွယ်အိုတွေအတွက် ဝမ်းသာစရာသတင်းပါ။ သက်ကြီးရွယ်အိုတွေဟာ အိမ်ထဲမှာဖြစ်စေ၊ ရေချိုးခန်းမှာ ဖြစ်စေ၊ လမ်းသွားတဲ့အခါဖြစ်စေ မတော်တဆ ချော်လဲကျတတ်ကြပါတယ်။ ဒီလိုချော်လဲတဲ့အခါ တင်ပဆုံရိုးကျိုးတာတို့၊ ပေါင်ကျိုးတာတို့ ဖြစ်တတ်ကြပါတယ်။ အခုတော့ အဲဒီလိုဖြစ်တာ ကာကွယ်နိုင်ဖို့ ခါးပတ်တစ်ခုကို တီထွင်လိုက်ကြပါပြီ။ ဒီလိုတီထွင်ခဲ့တဲ့သူတွေကတော့ အင်္ဂလန်နိုင်ငံက ဒပ်ချ်ပ်လူမျိုး သိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ ကားတိုက်တဲ့အခါ ကားမှာ လေအိတ်ထွက်လာတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ လဲကျတာနဲ့ လေအိတ်ထွက်လာပြီး အရိုးကိုထိခိုက်ခြင်းက ကာကွယ်မှာဖြစ်ပါတယ်။ ဒါဟာ ဈေးအားဖြင့် USD 450 ခန့်သာ ရှိတယ်လို့ ဆိုပါတယ်။ ဒါဟာ အရိုးကျိုးလို့ ဝေဒနာခံစားရခြင်း၊ ဆေးကုသစရိတ်တို့နှင့်စာရင် ဘာမှမပြောပလောက်ပါဘူး။



ဒီနည်းလမ်းပေါ်လာတာဟာ သက်ကြီးရွယ်အိုတွေအတွက် အထူးဝမ်းသာစရာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။

### ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချရေးလုပ်ဆောင်ချက်များချမှတ်မည်

ကမ္ဘာမှာ လေထုညစ်ညမ်းမှုဟာ တဖြည်းဖြည်းကြီးထွားလာနေပါတယ်။ ကမ္ဘာမှာ ကလေးခုနစ်ယောက်မှာ တစ်ယောက်ဟာ ညစ်ညမ်းတဲ့လေကို ရှူရှိုက်နေရတယ်လို့ UNICEF အဖွဲ့ကြီးက ထောက်ပြထားပါတယ်။ UNICEF အဖွဲ့ကြီးဟာ လေထုညစ်ညမ်းမှု သက်သာပျောက်ကင်းဖို့ နိုင်ငံပေါင်း ၂၀၀ ကျော်က အစိုးရတွေ ဖိတ်ခေါ်ပြီး ဆွေးနွေးပွဲတစ်ရပ် Morocco နိုင်ငံမှာ ယခုလ ၇ ရက်မှ ၁၈ ရက်နေ့ အထိ ကျင်းပခဲ့ပါတယ်။ ဒါပြီးရင်တော့ သူတို့ နိုဝင်ဘာ ၅ ရက်မှ ၈ ရက်နေ့နှင့် ၂၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ MARAKECH မြို့တော်မှာ ကမ္ဘာ့ခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးကြမှာဖြစ်တယ်။ ဒီလိုဆွေးနွေးပွဲကြီးအဓိကဦးတည်ချက်ကတော့ ကမ္ဘာကြီးပူနွေးလာမှု လျှော့ချဖို့တို့ ဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုနှင့် တစ်ဆက်တည်း ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းဖို့ပါ ဒီအစည်းအဝေးကြီးက ချမှတ်ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ခန့်မှန်းချက်အရ လေထုညစ်ညမ်းမှုကြောင့် ၂၀၁၂ ခုနှစ်မှာ လူပေါင်း ၃ ဒသမ ၇ သန်း အသက်ဆုံးရှုံးခဲ့ရတယ်။ ဒီထဲမှာ ငါးနှစ်အောက် ကလေးငယ်ပေါင်း ၁၂၇၀၀၀ ကျော် ပါဝင်ခဲ့တယ်လို့ ဆိုပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ သေဆုံးသူအရေအတွက်ဟာ ၄ ဒသမ ၃ သန်းအထိ တိုးလာပြီး ဒီအထဲမှာ ငါးနှစ်အောက် ကလေးပေါင်း ၅၃၁၀၀၀ ပါဝင်တယ်လို့ ဆိုပါတယ်။ ဒီအဖြစ်အပျက်တွေကြောင့် UNICEF အဖွဲ့ကြီးဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးထံတင်ပြပြီး Morocco နိုင်ငံမှာ အစည်းအဝေးပွဲကြီး ကျင်းပနေတာဖြစ်ပါတယ်။ ဒီအစည်းအဝေးပွဲကြီးက အစိုးရတိုင်းက ဓာတ်ငွေ့နှင့် လောင်စာဆီသုံးမှု လျှော့ချရေး၊ စက်ရုံအလုပ်ရုံမှ ထွက်လာတဲ့ မီးခိုးငွေ့ကို လျှော့ချရေး၊ သစ်တောပြုန်းတီးမှုလျှော့ချရေး စတဲ့လုပ်ဆောင်ချက်တွေပါ ပြုလုပ်ကြမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။ ။

## အဝလွန်မှုလျှော့ချပြီး ဆီးချိုရောဂါသံသယရှိသူတိုင်းကို ဆီးချို စမ်းသပ်ခြင်း၊ ဆေးကုသခံယူစေခြင်း၊ အဝလွန်ခြင်း၊ ဆီးချို ရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးပညာပေးမှုဆောင်ရွက်ခြင်း ပြုလုပ်ပေးနေ

# သဘော်သားများတောင်းဆိုသောအချက်ရှစ်ချက်အပေါ် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြီးခဲ့သည့် နိုဝင်ဘာလဆန်းပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ မြန်မာသင်္ဘောသားများ ဘဝတိုးတက်ပြောင်းလဲရေးဆန္ဒဖော်ထုတ်ခဲ့ကြသော သင်္ဘောသားများတောင်းဆိုခဲ့သည့် အချက်ရှစ်ချက်နှင့်ပတ်သက်၍ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အစည်းအဝေး၌ ဆန္ဒထုတ်ဖော်ခဲ့သောသင်္ဘောသားများနှင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသင်္ဘောသားအဖွဲ့အစည်းလေးခုမှ တာဝန်ရှိသူများ၊ သင်္ဘောသားကုမ္ပဏီများ တွေ့ဆုံကာ ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။

"ဒီကနေ့တွေ့ဆုံပွဲကတော့ မြန်မာသင်္ဘောသားတွေဘက်ကနေ ဆန္ဒပြုလာတဲ့ အချက်ရှစ်ချက်ကို တောင်းဆိုခဲ့ပေမယ့် အချို့အချက်တွေဟာ ရှင်းရှင်းလင်းလင်းမသိရသေးတဲ့အတွက် ဒီကနေ့တွေ့ဆုံပွဲကို ပြုလုပ်ရခြင်းဖြစ်ပါတယ်။ နောင်မှာလည်း လမ်းပေါ်ထွက်ဆန္ဒပြတဲ့အဆင့် ရောက်စရာမလိုတော့ပါဘူး။ ကျွန်တော်တို့ဌာနကို အချိန်မရွေး ဆက်သွယ်ဆောင်ရွက်ပြီး ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မဖြေရှင်းနိုင်တဲ့အချက်တွေကိုလည်း အထက်အဆင့်ဆင့်တင်ပြပြီး ပွင့်ပွင့်လင်းလင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သင်္ဘောသားနှင့်ရေကြောင်းဦးစီးဌာနဆိုတာ တစ်လုံးတစ်စည်းတည်း ရှိနေရမှာဖြစ်ပါတယ်။ မြန်မာသင်္ဘောသားများ ဘဝတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက ပြောသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သင်္ဘောသားများ၏ အရေးအရာကိစ္စ ၈၀ ရာခိုင်နှုန်းကို ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိကြောင်း၊ ဦးစီးဌာန လက်အောက်ဌာနကိုးခုရှိသည့်အနက် ဌာနလေးခုမှာ သင်္ဘောသားများ ကိစ္စဆောင်ရွက်ပေးနေကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် ယနေ့အချိန်အထိ သင်္ဘောသားများနှင့် ပတ်သက်သည့် တိုင်ကြားမှုပေါင်း ၂၃၅ မှုရှိပြီး ၁၈၁ မှုမှာ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ၅၄ မှုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့နောက် ဆန္ဒပြတောင်းဆိုသော သင်္ဘောသားများက သင်္ဘောသားစာမေးပွဲစနစ် ပြင်ဆင်ရေးကိစ္စ၊ သင်္ဘောသားများအလုပ်အကိုင်ဖော်ဆောင်ပေးရန်ကိစ္စ၊ သင်္ဘောသားအဖွဲ့အစည်းလေးဖွဲ့မှ သင်္ဘောသားများကိစ္စ၊ တိတိကျကျ အရေးယူဆောင်ရွက်ပေးရေးကိစ္စများအပါအဝင် အချက်ရှစ်ချက်နှင့်ပတ်သက်၍ အသေးစိတ်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အဆိုပါတွေ့ဆုံပွဲမှာညှိနှိုင်းဆွေးနွေးမှုများအပေါ် အထက်အဆင့်ဆင့်သို့တင်ပြကာ တောင်းဆိုချက်များနှင့်ပတ်သက်၍ ညှိနှိုင်းပေါင်းစပ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်း ချေးယူရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအတွက် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၈ သန်း ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ယနေ့နံနက် ၁၀ နာရီ တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း**က ယခုချေးငွေသည် အတိုးမဲ့ချေးငွေဖြစ်သည့်အတွက် နိုင်ငံအတွက် ချေးသင့်သည့် ချေးငွေဖြစ်ပါကြောင်း၊ ကျေးရွာများရှိ ဆင်းရဲနွမ်းပါးသူများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် သစ်တောသီးနှံသစ်တောရောနှောစိုက်ပျိုးသူများ၏ ဝင်ငွေကိုတိုးမြှင့်ပေးရန် ရည်ရွယ်ထားကြောင်းသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ စီမံကိန်းဒေသများကို ရွေးချယ်ရာတွင် ကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်များပါဝင်ပြီး စီမံကိန်းရေးဆွဲရေးအဖွဲ့များက ရွေးချယ်သတ်မှတ်ပေးခြင်းဟုတ်၊ မဟုတ် သိရှိလိုပါကြောင်း၊ မိမိတို့နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးအပါအဝင် ပညာရှင်များနှင့် ရွေးချယ်ပိုင်ခွင့် ရှိ၊ မရှိ သိလိုပါကြောင်း၊ ဖြစ်နိုင်မည်ဆိုပါက မိမိတို့တိုင်းပြည်မှ ဒေသခံပညာရှင်များနှင့် ပူးပေါင်းပြီး ရွေးချယ်ခြင်းက ပို၍သင့်တော်မည်ဟု



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်**က ယခုစီမံကိန်းတွင် ဆင်းရဲမှုလျှော့ချရေး၊ တစ်နိုင်တစ်ပိုင် လယ်ယာစိုက်ပျိုးရေးနှင့် တောင်ပေါ်ဒေသဥယျာဉ်ခြံမြေ၊ ယာမြေ၊ ရောနှောသီးနှံပင်နှင့် သစ်တောများစိုက်ပျိုးရေး၊ ဈေးကွက်ဝင် သီးနှံစိုက်ပျိုးနိုင်ရေး၊ သုတေသနပြုရေး၊ စိုက်ပျိုးရေးပညာပေးရေး၊ သဘာဝမြေသြဇာ ပြုလုပ်အသုံးချဆောင်ရွက်ရေးအစီအစဉ်များ ပါဝင်သည်ဟု သိရပါကြောင်း၊ စီမံကိန်း ဧရိယာအတွင်း စိုက်ပျိုးမြေနှင့်သစ်တောမြေဧရိယာ ၂ သိန်းနီးပါးနှင့် အိမ်ထောင်စုနှင့် လူဦးရေပေါင်း ၃ သိန်းကျော် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကို အမှန်တကယ် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းတွင် ပါရှိသည့်ဒေသများအတွက် အလွန်အကျိုးဖြစ်ထွန်းမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစိုးသိန်းတို့ကလည်း အကြံပြုထောက်ခံဆွေးနွေးကြသည်။

အဆိုပါ ချေးငွေရယူခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စီမံကိန်းအကျိုးရလဒ်များ၊ စီမံကိန်းဒေသများ ရွေးချယ်ခြင်းစံနှုန်းများနှင့် ရွေးချယ်သည့်ဒေသများ၊ စီမံကိန်းရည်မှန်းချက်နှင့် ရည်ရွယ်ချက်များကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး သတ္တမနေ့တွင် ရှင်းလင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများအမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် နယ်နိမိတ်ဧရိယာတိုးချဲ့ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၆ ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနအတွက် ပိုလန်သမ္မတနိုင်ငံအစိုးရထံမှ ယူရိုသန်း ၅၀ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်



သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစော ဗစ်တာခလိုက်

များက ဆွေးနွေးကြသည်။

**ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငွေး**က မီးသတ်ဌာနကို ခေတ်မီယာဉ်စက်ကိရိယာများ ဖြည့်တင်းပေးရန်လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တောမီးလောင်ခဲ့ပါက အမြန်ငြိမ်းသတ်နိုင်အောင် ရဟတ်ယာဉ်များ ရှိရန် လိုအပ်ပါကြောင်း၊ အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုများ၊ မီးလောင်မှုများဖြစ်ပွားပါကလည်း အမြန်ကူညီပေးရန် လိုအပ်ပါကြောင်း၊ အလားတူလေယာဉ်မတော်တဆမှုများဖြစ်ပါကလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆင့်မြင့်ရဟတ်ယာဉ်များ လိုအပ်ပါကြောင်း၊ ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပွားသည့်မီးလောင်မှု၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ဒုက္ခရောက်နေသူများအား ကယ်ထုတ်မှု၊ တိုက်ပွဲဖြစ်ပွားနေသည့် ဒေသမှ စစ်ဘေးရှောင်ပြည်သူများအား ကယ်ထုတ်မှုတို့တွင် ရဟတ်ယာဉ်များ လိုအပ်ပါကြောင်း၊ ထို့ကြောင့် မီးသတ်ဦးစီးဌာနအတွက် ဝယ်ယူမည့် ခေတ်မီယာဉ်ကြီးများ စာရင်းတွင် ပိုလန်နိုင်ငံထုတ် ရဟတ်ယာဉ် ၂ စီးခန့်ပါဝင်လာရန် လိုအပ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးဝင်းမောင်၊ ကမာရွတ် မဲဆန္ဒနယ်မှ ဦးကျော်မင်း၊ ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင်၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၊ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး (ခ) မေစိုး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဒေါက်တာကျော်ငွေ၊ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှဆန်းတို့က အကြံပြုထောက်ခံဆွေးနွေးကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် အမျိုးသားစီမံကိန်း ဆောင်ရွက်မှု အစီရင်ခံစာနှင့်ပတ်သက်သည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၆/၂၀၁၆)** အား ဆိတ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်းတို့က ဆွေးနွေးကြရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အစီရင်ခံစာအား သဘောတူလက်ခံကြောင်း ဆုံးဖြတ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပထမ ၆ လပတ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ** (၇/၂၀၁၆)နှင့် စပ်လျဉ်း၍ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်က မိမိတို့နိုင်ငံ၏ ဘဏ္ဍာငွေများကို ပြည်သူအတွက် အကျိုးရှိစွာ အသုံးပြုကြစေလိုပါကြောင်း၊ လုပ်ငန်းများ အကောင်အထည်မဖော်နိုင်ပါက နိုင်ငံတော်သို့ ပြန်လည်အပ်နှံကြရန် အကြံပြုလိုပါကြောင်းဖြင့်လည်းကောင်း၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်းက ဝန်ကြီးဌာနများအနေဖြင့် ရရှိသည့် ဘဏ္ဍာငွေများကို စေ့စပ်သေချာစွာ သုံးစွဲနိုင်ရန်နှင့် ရငွေများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲကြစေလိုကြောင်းဖြင့် လည်းကောင်း ဆွေးနွေးကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၁၆)ပါ အချက်အလက်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**မျိုးမြင့် (သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရေးတရားဥပဒေစိုးမိုးရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံအတွင်းတရားဥပဒေစိုးမိုးရေး ပိုမို အားကောင်းခိုင်မာစေရန် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ရေးအတွက် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးရှိမှသာ ရပ်ရွာအေးချမ်းသာယာပြီး နိုင်ငံတည်ငြိမ်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရားဥပဒေ စိုးမိုးရေးစင်တာမှ တာဝန်ရှိသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက တရားရုံးဆိုင်ရာကိစ္စရပ်များ၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်ချက်များနှင့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြသည်။





ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကော်မရှင်အဖွဲ့ဝင်များသည် မန္တလေးမြို့ ချမ်းအေးသာဇံ မြို့နယ်တရားရုံးသို့ သွားရောက်လေ့လာကြပြီး ထို့မှတစ်ဆင့် ချမ်းမြေ့သာစည်မြို့နယ်ရှိ တရားဥပဒေစိုးမိုးရေးစင်တာ သို့ သွားရောက်လေ့လာကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ ဒေါက်တာအောင်ခင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ ဥပဒေ ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ဥပဒေ ကျောင်းသား ကျောင်းသူများ၊ လူမှုရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)လ**

# ရန်ကုန်မြို့၌ ဈေးများအားလုံးကို PPP စနစ်ဖြင့် တည်ဆောက်သွားမည်ဟု တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိသော ဈေးများအားလုံးကို (Private Public Partnership PPP) စနစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြောကြားခဲ့သည်။

ယနေ့ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် တာမွေမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက တာမွေမြို့နယ် ဒဂုံညွန့်ဈေးအား အဆင့်မြင့်ဈေးသစ်အဖြစ် တည်ဆောက် ပေးရန် အစီအစဉ်ရှိ/ မရှိ မေးမြန်းမှုကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ ကွပ်ကဲမှုအောက်တွင်ရှိသည့် ဈေးများအားလုံးကို Private Public Partnership (PPP) စနစ်ဖြင့် အထပ်မြင့်ဆောက်ပြီး ကားပါကင်၊ ဟော်ကာစင်တာ၊ Office နဲ့ Apartment များ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက တာမွေမြို့နယ် ဗလီမီးပွိုင့်တွင် ကားလိုင်းပေါင်းစုံသွားလာနေမှု၊ ယာဉ်ကြောကျပ်တည်းမှု၊ လမ်းကူးသောသူများ အန္တရာယ်ရှိမှုတို့ကြောင့် တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် မြို့နယ် အင်္ဂါရပ်နှင့်အညီ မြို့နယ်ခန်းမတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိတို့ကို မေးမြန်းခဲ့ရာ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်း (လျာထားချက်)နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်၊ အကြံပြုတင်ပြချက် အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သော အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ ပုဂ္ဂလိကလုံခြုံရေးအား ပိုမိုကောင်းမွန်၍ စနစ်ကျသောအခြေအနေသို့ ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာဌာနများသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ငါးဦးနှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းတို့က ဆွေးနွေးခဲ့ပြီး လွှတ်တော်အတွင်း မဲခွဲဆုံးဖြတ်ခဲ့ရာ ကန့်ကွက်သူများသဖြင့် အဆိုကို အတည်မပြုကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ



## (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်တိုင်းရင်းသားမိသားစုဆုံစည်းရာ အလှူဒါနပြု

**လင်းခေး ဒီဇင်ဘာ ၁၆**
၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သော (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့အတွင်း နေထိုင်လျက်ရှိကြသည့် ရခိုင်တိုင်းရင်းသားမိသားစုဝင်များသည် ရခိုင်တိုင်းရင်းသားလူမျိုးများဆုံစည်းရာပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စု ပန်ကျိုင်းရွာရှိ အောင်မင်္ဂလာတပ်ဦးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မိသားစုဝင်များသည် နံနက် ၁၀ နာရီခွဲတွင် သံဃာတော်များအား နေ့ဆွမ်း၊ လှူဖွယ်ဝတ္ထုများလှူဒါန်းဆက်ကပ်ခြင်းနှင့် ဆရာတော်များထံမှ ငါးပါးသီလခံယူကာ ပရိတ်တရားတော်ကို နာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အတူတကွ ရေစက်ချအမျှ ပေးဝေခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လင်းခေးမြို့နေ ရခိုင်မိသားစုဝင်များအနက် အသက်အကြီးဆုံးဖြစ်သူ အသက် ၇၂နှစ်ရှိ အဘွားဒေါ်မြတင်အား ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်နှင့်ရခိုင်မိသားစုများ ဆုံစည်းရာ အမှတ်တရ သက်ကြီးပူဇော်ကန်တော့ခြင်းဂါရဝပြုလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြပြီး မိသားစုဝင်များက တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား ထမင်းဟင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

အဆိုပါ အထိမ်းအမှတ်ပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်နယ်မိသားစုများ၊ လင်းခေးမြို့နယ်အတွင်း နေထိုင်လျက်ရှိသည့် ရခိုင်မိသားစုဝင် ၅၃ ဦး၊ အခြားဖိတ်ကြားထားသည့် ရခိုင်တိုင်းရင်းသားလူမျိုးများနှင့် ဧည့်ပရိသတ်များက (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## ရခိုင်ပြည်နယ်နေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၆**
ဒီဇင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို စစ်တွေမြို့၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ကျင်းပခဲ့သည်။ **(အောက်ပုံ)**

(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်းကပ်လှူခြင်းကို ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအားပင့်ဖိတ်ကာ အတုလ မာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ လှူဖွယ်ဝတ္ထုများဆက်ကပ်ခြင်း၊ ပရိတ်တရားတော်များ နာကြားခြင်းနှင့် အရုဏ်ဆွမ်းကပ်လှူခြင်းတို့ကို ကျင်းပပြုလုပ်ခဲ့သည်။ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ကျင်းပရာ စာရေးဆရာ (စစ်တွေညိုသန့်)က မင်္ဂလာပိုဒ်စုံရတုရွတ်ဆိုကာ ရခိုင်စည်တော်တီး၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်နေ့ ဆိုင်ရာမိန့်ခွန်းအား ပြည်နယ်နေ့ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ မြို့မိ မြို့ဖ ဦးမောင်သာစိန်က ဖတ်ကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းကို ကျင်းပရာ ပြည်နယ်အဆင့် ဂုဏ်ထူးဆောင်ဆုများဖြစ်သော စီးပွားရေးဆိုင်ရာထူးချွန်ဆု၊ လူမှုရေးဆိုင်ရာထူးချွန်ဆု၊ ပညာရေးဆိုင်ရာထူးချွန်ဆု၊ ကျန်းမာရေးဆိုင်ရာထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထူးချွန်ဆု၊ စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆုနှင့် အခြားအထူးကိစ္စရပ်များဆိုင်ရာထူးချွန်ဆုများ၊ ပြည်နယ်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကာတွန်းပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် ဝတ္ထု(ပုံပြော)ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရကျောင်းသားကျောင်းသူများ၏ ဆုရစာစီစာကုံး၊ ကာတွန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာဆရာမများ၊ ထူးချွန်ဆုရရှိကြသူများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၆**
(၄၂)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဝဏ်ပါကွင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါကျင်ကိုင်ပွဲကို ကျင်ပွဲကျင်းပရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ မြို့မိ မြို့ဖဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် ကျင်ဒိုင်ချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ရခိုင်ပြည်နယ်နေ့သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ကျင်ပွဲဖွင့်ပွဲအဖြစ် ကျင်သန်ကြီးများက မင်္ဂလာကျင်ကိုင်၍ သရုပ်ပြသကြသည်။ ဆက်လက်၍ ပန်းရဲ့လမ်းအဖွဲ့က ဂီတဖြင့်ဖျော်ဖြေကြပြီး ရွှေမောင်းတန်းဆုရ ကျင်သန်ကြီးများက တစ်ဦးချင်းနှုတ်ဆက်ကာ ရခိုင်ကျင်ကွင်းဟန်များဖြင့် သရုပ်ပြသခဲ့ကြသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး စစ်တွေမြို့၌ ကျင်းပလျက်ရှိရာ ရွှေမောင်းတန်းတွင် ပထမဆု ရွှေလေးကျပ်သား၊ ဒုတိယဆု ရွှေသုံးကျပ်သား၊ တတိယဆု ရွှေနှစ်ကျပ်သားနှင့် စတုတ္ထဆု ရွှေတစ်ကျပ်သား ချီးမြှင့်သွားမည်ဖြစ်ပြီး ငွေမောင်းတန်းတွင် ပထမဆု ရွှေသုံးကျပ်သား၊ ဒုတိယဆု ရွှေနှစ်ကျပ်သား၊ တတိယဆု ရွှေတစ်ကျပ်သားနှင့် စတုတ္ထဆု ရွှေငါးမူးသား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကျင်ကိုင်ပွဲကို စစ်တွေမြို့ ဝဏ်ပါကွင်း၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမနေ့တွင် ငွေမောင်းတန်းကျင်သန်များ စတင်ကျင်ကိုင်သွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် ရွှေမောင်းတန်းကျင်သန်များပါ ကျင်ကိုင်သွားမည်ဖြစ်ကြောင်း ကျင်ပွဲကျင်းပရေးကော်မတီက ပြောကြားသည်။

ယနေ့ကျင်ကိုင်ပွဲဖွင့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျင်သန်ကြီးများနှင့် ကျင်ဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



ရခိုင်ရိုးရာ ကျင်ကိုင်ပွဲတွင် ကျင်သန်ကြီးများက သရုပ်ပြသစဉ်



ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်နေ့တွင် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့ ကပြဖျော်ဖြေစဉ်

# အမျိုးသားအဆင့် ကျားထိန်းသိမ်းရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် World Wide Fund for Nature - WWF (Myanmar) ၏ Country Director, Dr. Christy Williams နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် WWF နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများ၊ တောရိုင်းတိရစ္ဆာန်တရားမဝင်ကူးသန်းရောင်းဝယ်မှု လျော့နည်းရေးအတွက် အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆောင်ရွက်မည့်လုပ်ငန်းများ၊ အစိုးရဌာနများ၊ ပုဂ္ဂလိကများ၊ ဒေသခံများအား အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း အစီအစဉ်များ၊ အမျိုးသားအဆင့် ကျားထိန်းသိမ်းရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အအေးပိုနေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အအေးပိုနေမည်။ (မိုး/ဇလ)

# မောင်တောကျေးလက်ဒေသများတွင် အရည်အသွေးမြင့်ဆိုလာပြားများ ဖြန့်ဝေပေးမည်

**မောင်တော ဒီဇင်ဘာ ၁၆**

မောင်တောခရိုင်အတွင်းရှိ ကျေးရွာအချို့သို့ အရည်အသွေးမြင့် ဆိုလာပြားများ ဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိကြောင်း မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မောင်တောခရိုင်မှာ ၂၀၁၃ ခုနှစ်မှစကာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ပေါ်ပေါက်လာပြီးကတည်းက ကျေးလက်မီးလင်းရေးအစီအစဉ်တွေကို ဆက်တိုက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ ဘဏ္ဍာနှစ်တွေအတွင်းမှာ ကျေးရွာတွေကို မီးလင်းရေးအစီအစဉ်တစ်ရပ်အဖြစ် ဆိုလာပြား၊ ဘက်ထရီ၊ မီးလုံးလေးတွေ အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ ပိုမိုကောင်းမွန်တဲ့ အရည်အသွေးမြင့် ဆိုလာပြားတွေကို ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ အခု ဒီဇင်ဘာလကုန်ပိုင်းမှာ ဖြန့်ဝေပေးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးသူရိန်လင်းက ပြောသည်။

မောင်တော ခရိုင်အတွင်း မောင်တောမြို့နယ်တွင် ကျေးရွာသုံးရွာနှင့် ဘူးသီးတောင်မြို့နယ်တွင် ကျေးရွာ ၁၀ ရွာခန့် အရည်အသွေးမြင့်ဆိုလာပြားများ ဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းအရည်အသွေးမြင့်ဆိုလာပြားများတွင် Phase I အဖြစ် ၄၀ ဝပ်၊ Phase II အဖြစ် ၅၀ ဝပ်နှင့် Phase III အဖြစ် ၆၀ ဝပ်အစရှိသဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ၄၀ ဝပ်ဆိုလာပြားမှာ တန်ဖိုးအားဖြင့် ငွေကျပ်သုံးသောင်းရှိပြီး ၅၀ ဝပ်မှာ ငွေကျပ်လေးသောင်းရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင်သည် မဟာဓာတ်အားလိုင်းမှလျှပ်စစ်ဓာတ်အားမရရှိသေးဘဲ လာမည့်နှစ်နှစ်အတွင်း မဟာဓာတ်အားလိုင်းမှလျှပ်စစ်ဓာတ်အား ရရှိရန်စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"မောင်တောခရိုင်မှာ လက်ရှိ ဒီဇယ်အင်ဂျင်တွေနဲ့ လျှပ်စစ်မီးပေးနေတာပါ။ လာမယ့်နှစ်နှစ်အတွင်းမှာတော့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားဖြန့်ဖြူးပေးဖို့ခက်ခဲတဲ့မြို့တွေ၊ ကျေးရွာတွေမှာတော့ ဆိုလာမီးနဲ့ ဖြန့်ဖြူးပေးနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်" ဟု ပြည်နယ်လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ယခင်က ဖြန့်ဝေပေးခဲ့သော ဆိုလာပြားများမှာ အရည်အသွေး လိုအပ်ချက်များရှိနေသဖြင့် မကြာမီကာလတွင် အရည်အသွေးမြင့်ဆိုလာပြားများ ထပ်မံဖြန့်ဝေပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မောင်စိုး**



## ကျီးကန်းပြင်အလယ်ရွာ၌ မီးလောင်

မောင်တော ဒီဇင်ဘာ ၁၆

**ဒီဇင်ဘာ ၁၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က ကျီးကန်းပြင်အလယ်ရွာ၌ လူနေထိုင်ခြင်းမရှိသည့် အလျား ၁၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၂ ပေအရွယ်ရှိ ဓနိမိုးထရံကာအမျိုးအစား အစ္စလာမ်လူမျိုးများ နေထိုင်သည့် နေအိမ်ငါးလုံး မီးလောင်မှုဖြစ်ပွားရာ ရှို့မီးဖြစ်နိုင်ကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ ကနဦး သတင်းများအရ သိရသည်။** (သတင်းစဉ်)



# ဘူးသီးတောင်မြို့နယ်အတွင်း ပေါ့ဆမီးလောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး လူနှစ်ဦးသေဆုံးကာ လူနေအိမ်နှင့်ဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ဖုံညိုလိပ်ကျေးရွာနေ ခေါ်ဘီအာမတ်(ဘ)မာတာဆောင်း၏နေအိမ်၌ ယမန်နေ့ နံနက် ၂ နာရီခွဲခန့်က မီးဖိုချောင်ရှိ မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး ရွာသူ၊ ရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး လူနေအိမ်ရှစ်လုံးနှင့် ဆိုင်ခန်းကိုးခန်း တန်ဖိုးငွေကျပ်သိန်း ၂၀ ခန့် မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ခေါ်ဘီအာမတ်အား ဖုံညိုလိပ်ရဲစခန်းက တရားဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မသင်္ကာသူရှစ်ဦးနှင့်အတူ ဆေးခြောက်များဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မောင်တောမြို့နယ် နတ်မြစ်အတွင်း ယနေ့နံနက်ပိုင်းတွင် ငါးဖမ်းစက်လှေပေါ်မှ မသင်္ကာသူရှစ်ဦးနှင့် တစ်ကီလိုခန့်ရှိ ဆေးခြောက်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် နတ်မြစ်အတွင်း ယနေ့နံနက် ၂ နာရီ ၅၅ မိနစ်ခန့်က တပ်မတော်ရေယာဉ်များဖြင့် လုံခြုံရေးဆောင်ရွက်နေစဉ် မသင်္ကာဖွယ်လှေတစ်စင်းတွေ့ရှိရသဖြင့် မီးအချက်ပြခေါ်ယူစဉ် ထွက်ပြေးသောကြောင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးရာ တစ်ဖက်နိုင်ငံမှ ငါးဖမ်းစက်လှေတစ်စင်းကို ဖမ်းဆီးရမိခဲ့ပြီး စက်လှေပေါ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်ဖ်မြို့ တနာဂရွာမှ နူကာဆင်၊ မူဟာမတ်ရှုဒစ်၊ ဆွာလင်း၊ စုစဉ်တန်၊ ဘာလ်ဘူ၊ အေမာန်ဟူစွန်၊ မူဂျူလာနှင့် ဆာ့ဒစ်တို့နှင့်အတူ ဆေးခြောက်တစ်ကီလိုခန့်ရှိ အထုပ် ၂၈ ထုပ် ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် မောင်တောမြို့နယ် ဆူရာလီရွာဘက်မှ ကိုးတန်ကောက်(တောင်နား)ရွာဘက်သို့ ထွက်ခွာလာသော မသင်္ကာဖွယ် အင်းဒင်အနောက်ရွာနေ အေကာမော်ဒီနှင့်ကိုးတန်ကောက်(ရွာမ)နေ မာမောက်အီနုတို့အား ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၅ ရက် ညနေ ၄ နာရီခန့်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် မောင်တောမြို့နယ် နယ်စပ်မှတ်တိုင်(၃၅)နှင့်(၃၆)ကြားတွင် မသင်္ကာသူ ဦးရှည်ကျကျေးရွာနေ အဒူဆာလောင်နှင့် ဆော်ဒီမူလာတို့နှစ်ဦးအား တာကာငွေ ၅၀၀၊ တံစဉ်နှစ်ချောင်း၊ ဘင်္ဂလားဒေ့ရှ် ဖုန်းနံပါတ်ရေးမှတ်ထားသော စာရွက်ပိုင်းတစ်ခုနှင့်အတူ စစ်ဆေးတွေ့ရှိရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ သွားရန် နယ်စပ်ခြံစည်းရိုးအနီး ချဉ်းကပ်လာချိန် ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



မသင်္ကာသူရှစ်ဦးနှင့်အတူ ဆေးခြောက်များအား တွေ့ရစဉ်

# သူပုန်များအားထွက်ခွာသွားစေရန် တိကျသည့်အစီအစဉ်များချမှတ်ရန်လိုအပ်နေ

**အလက်ပို ဒီဇင်ဘာ ၁၆**

နှစ်ကာလများစွာ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများ အဆုံးသတ်စေရန် ရည်ရွယ်သည့် အပစ်အခတ်ရပ်စဲရေးစာချုပ်အောက်တွင် ပထမဆုံးသော ဆောင်ရွက်မှုအနေဖြင့် အလက်ပိုရှိသူပုန်များနောက်ဆုံးခြေကုပ်ယူခဲ့ရာ နေရာများမှ ထောင်နှင့်ချီသော ပြည်သူများအား ကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကယ်ဆယ် ရွှေ့ပြောင်းမှုများကို ကြာသပတေးနေ့က စတင်ဆောင်ရွက်ခဲ့ရာ လူတစ်ထောင်နီးပါးပါဝင်သည့် ဆေးဘက်ဆိုင်ရာ အကူအညီပေးယာဉ်တန်းများသည် အလက်ပိုရှိသူပုန်ထိန်းချုပ်နယ်မြေများသို့ ဝင်ရောက်ခဲ့ရာ တိုက်ခိုက်ခံခဲ့ရသည်။ တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ဘတ်စ်ကား ၁၅ စီး ပါဝင်သည့် နောက်ထပ်အကူအညီပေးယာဉ်တန်းများသည် အလက်ပိုအရှေ့ပိုင်းမှ အသီးသီး ထွက်ခွာသွားခဲ့ကြောင်း ဆီးရီးယား နိုင်ငံပိုင်သတင်းအေဂျင်စီကဖော်ပြခဲ့သည်။



သူပုန်များထိန်းချုပ်ရာ အယ်လ်ရာရှီဒင် ဧရိယာသို့ ဒုတိယမြောက် အကူအညီပေးယာဉ်တန်းများ ရောက်ရှိလာခဲ့ကြောင်း သူပုန်တစ်ဦးကပြောပြခဲ့သည်။ ကလေးငယ်များအပါအဝင် အရပ်သား ၃၀၀ ကျော်နှင့် ဒဏ်ရာရရှိသူ ၄၀ ကျော်ကို ကြာသပတေးနေ့ နေ့လယ်ပိုင်းမှ စတင်ကာ ရွှေ့ပြောင်းမှုများ လုပ်ဆောင်ခဲ့ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ပြောကြားခဲ့သည်။

အပစ်ရပ်စာချုပ်အရ အစိုးရထိန်းချုပ်နယ်မြေပြင်ပရှိ အခြားဒေသများသို့ သူပုန်တိုက်ခိုက်ရေးသမားများအား ထွက်ခွာသွားရန် မည်သို့နှင့်ထုတ်မည်ဆိုသည့်ကိစ္စရပ်နှင့်ပတ်သက်၍ အစီအစဉ်များ အတိအလင်း ချမှတ်သေးခြင်းမရှိကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့မှ အာဏာပိုင်ရောဘတ်မာဒနီကပြောကြားခဲ့သည်။

**(ရိုက်တာ)**

## သုံးနှစ်အတွင်း စီးပွားရေးတိုးတက်လာမည်ဟု မိုင်သရီပါလာပြော

**ကိုလံဘို ဒီဇင်ဘာ ၁၆**

သီရိလင်္ကာသမ္မတ မိုင်သရီပါလာသည် နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုပြုရန် မလေးရှား ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သော ထောက်ပံ့မှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ယမန်နေ့ကပြောခဲ့သည်။

ကွာလာလမ်ပူတွင် ကျင်းပသော သမ္မတဦးဆောင်သည့် မလေးရှားနှင့် သီရိလင်္ကာရင်းနှီးမြှုပ်နှံသူများ အစည်းအဝေးကို နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးမြှင့်ရန် ရည်ရွယ်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လာမည့်သုံးနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၏ တိုးတက်သောနှစ်များဖြစ်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း သီရိလင်္ကာတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် မလေးရှား ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့သည်။

**(ဆင်ဟွာ)**

# ဟိုချီမင်းတွင် နှစ်ထပ်တိုက်တစ်လုံးမီးလောင်၍ ခြောက်ဦးသေဆုံး

**ဟိုချီမင်း ဒီဇင်ဘာ ၁၆**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ယနေ့နံနက်ပိုင်းက လူနေနှစ်ထပ်တိုက်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ မိသားစုဝင် ခြောက်ဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူများတွင် အသက် ၄၇ နှစ်အရွယ်တိုက်ပိုင်ရှင် ထရန်အန်နှင့် ကလေးငယ်သုံးဦးလည်း ပါဝင်ကြောင်း သိရသည်။ အခြားလေးဦးမှာ မီးလောင်မှုဖြစ်ပွားချိန်တွင် အပေါ်ထပ်မှ အောက်သို့ ခုန်ချခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသခံ ရဲတပ်ဖွဲ့က ပြောခဲ့သည်။

တိုက်ပိုင်ရှင် ထရန်သည် အိမ်အောက်ထပ်တွင် ကော်ဖီဆိုင်တစ်ဆိုင်ဖွင့်ထားပြီး အပေါ်ထပ်အား ငှားရမ်းထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံ၌ မီးလောင်မှုနှင့် ပေါက်ကွဲမှုပေါင်း ၁၈၇၂ ခု ရှိခဲ့ပြီး လူ ၁၁၅ ဦး သေဆုံးခဲ့ကာ ၂၅၈ ဦး ဒဏ်ရာရခဲ့သည်။


ဆုံးရှုံးမှုမှာ ဗီယက်နမ်ဒေါင် ၁၂၁၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၄သန်း) ခန့်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**





# တူရကီငွေချေးဘဏ် ဟက်ကာများ၏ပစ်မှတ်ထားခြင်းကိုခံနေရ





**အန်ကာရာ ဒီဇင်ဘာ ၁၆**

တူရကီနိုင်ငံ၏ အကြီးဆုံးဘဏ်များအနက် တစ်ခုဖြစ်သည့် Akbank ငွေချေးဘဏ်ရှိ နိုင်ငံတကာငွေလွဲလုပ်သည့်စနစ်ကို ဟက်ကာများက ပစ်မှတ်ထားခဲ့ကြောင်း သိရသည်။

ဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာလေးသန်းနှင့်အထက် ကြွေးမြီများပေးဆပ်ရန် တာဝန်တစ်ရပ်ကျန်ရှိနေသေးသော်လည်း ဖောက်သည်များ၏ သတင်းအချက်အလက်များနှင့်ပတ်သက်သည့် အန္တရာယ်ကျရောက်မှုမျိုးမရှိသေးကြောင်း ဘဏ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Akbank သည် ငွေကြေးမည်မျှခိုးယူသွားသည်ဟူသော မေးခွန်းများနှင့် ပတ်သက်၍ ရိုက်တာ၏ မေးမြန်းချက်များကို တုံ့ပြန်ဖြေကြားခြင်းမရှိသေးကြောင်း သိရသည်။

ဟက်ကာများ ပိုမိုရှုပ်ထွေးနက်နဲလာသည်နှင့်အမျှ ဘဏ်များသည်လည်း ငွေကြေးစနစ်အပေါ် ပိုမိုပြင်းထန်သည့် ခြိမ်းခြောက်လာမှုများနှင့် ရင်ဆိုင်နေရကြောင်း ယခုသီတင်းပတ်၌ ရိုက်တာသတင်းတစ်ရပ်က ဖော်ပြထားသည်။

ဘဏ်စနစ်ကို ပစ်မှတ်ထားသည့် ငွေကြေးခိုးယူမှုများသည် အောင်မြင်လျက်ရှိပြီး ဖေဖော်ဝါရီလမှစတင်ကာ ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်မှ ငွေကြေး အမေရိကန်ဒေါ်လာ ၈၁ သန်းကို ဟက်ကာများက တိုက်ခိုက်ခဲ့သည်။

Akbank ဘဏ်သည် ဒီဇင်ဘာ ၈ ရက်တွင် ဟက်ကာများ၏ တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း အီးမေးလ်တွင် ဖော်ပြခဲ့သည်။ တိုက်ခိုက်ခံရကြောင်း သိရသည်နှင့်တစ်ပြိုင်နက် ဘဏ်အနေဖြင့် ကာကွယ်မှု ချက်ချင်းလုပ်ဆောင်ခဲ့ပြီး အာဏာပိုင်များအား သတင်းပေးပို့ခဲ့ကြောင်း၊ ဘဏ်စနစ်များမှာကောင်းမွန်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်တွင် လာရောက်အပ်နှံသူများနှင့် ပတ်သက်သည့် အချက်အလက်များကို ထိခိုက်စေမည့် လုံခြုံရေးကျိုးပေါက်မှုများမရှိခဲ့ကြောင်း ဘဏ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ကုလသမဂ္ဂ အဆင့်မြင့်ရာထူးများတွင် အမျိုးသမီးသုံးဦး ခန့်အပ်ခံရ

**ဂျီနီဗာ ဒီဇင်ဘာ ၁၆**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သစ်ဖြစ်လာမည့် အန်တိုနီယိုဂူတာရက်စ်သည် ၎င်း၏ဝန်ထမ်းအကြီးအကဲအဖြစ် နိုင်ဂျီးရီးယားနိုင်ငံမှ မစ္စအမီနာဂျေမိုဟာမက်အားလည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ရာထူးနေရာများတွင် အခြားအမျိုးသမီးနှစ်ဦးအားလည်းကောင်း ခန့်အပ်လိုက်ကြောင်း ယမန်နေ့က ကြေညာလိုက်သည်။

မိုဟာမက်သည် ယခင်က ကုလအကြီးအကဲဟောင်း၏ ၂၀၁၅ အလွန် ဖွံ့ဖြိုးမှုစီမံကိန်းအထူးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခုလက်ရှိတွင် နိုင်ဂျီးရီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံမှ မစ္စမာရီယာလူဇာ ရီဘာယိုဗီရော့တီအား ကက်ဘိနက်အကြီးအကဲအဖြစ် လည်းကောင်း၊ မစ္စကျွန်းဝှာကန်အား ၎င်း၏မူဝါဒဆိုင်ရာ အကြံပေးအဖြစ် လည်းကောင်း ဂူတာရက်စ်ကခန့်အပ်ခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

ဗီရော့တီသည် လက်ရှိတွင် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဆိုင်ရာ လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကန်သည် ၂၀၁၃ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထွေထွေ အတွင်းရေးမှူး၏လက်ထောက်အဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက်မဟာမင်းကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**(ဆင်ဟွာ)**

# (၆၉) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက် (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်) အင်္ဂါနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲကို ၂၇-၁၂-၂၀၁၆ ရက်မှ ၁၉-၁-၂၀၁၇ ရက်အထိ လည်းကောင်း၊ သဘောရေးဖြေပွဲကို ၂၂-၁-၂၀၁၇ ရက်မှ ၂၈-၁-၂၀၁၇ ရက်အထိ လည်းကောင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါစာမေးပွဲသို့ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်များ၊ စာပြန်/စာဖြေ သံဃာတော်များ စုစုပေါင်း အပါး ၃၆၀ ခန့် ကြွရောက်မည်ဖြစ်ပါသဖြင့် သံဃာတော်များ ဝေယျာဝစ္စအတွက် အလှူငွေများလှူဒါန်းလိုပါက ဆင္ဃသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး တောင်ဘက်မုခ်၌ အလှူခံမဏ္ဍပ်ဖွင့်လှစ်ထားရှိကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S Seven Seas Voyager မြန်မာ အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S Seven Seas Voyager သည် ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်း (MITT) သို့ရောက်ရှိလာရာ သက်ဆိုင်ရာတာဝန်ရှိသူတို့က ကြိုဆိုကြသည်။

အဆိုပါ သင်္ဘောကြီးတွင် ကမ္ဘာလှည့်ခရီးသည် ၆၅၄ ဦးနှင့် သင်္ဘောဝန်ထမ်း ၄၃၉ ဦးတို့လိုက်ပါခဲ့ပြီး သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှ ရောက်ရှိလာခြင်းဖြစ်သည်။

"အခု ရောက်လာတဲ့ ကမ္ဘာလှည့်ခရီးသွားတွေကို လုံခြုံရေးပိုင်းအပြင် လိုအပ်တဲ့ ဝန်ဆောင်မှုတွေကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာပါ၊ ဒီနေ့တော့ သူတို့အနေနဲ့ ရန်ကုန်မြို့ပေါ်ကို လည်မယ်၊ မနက်ဖြန်မှာတော့ ပဲခူးကိုသွားမယ်လို့သိရပါတယ်"ဟု ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကမ္ဘာလှည့် ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.S Seven Seas Voyager ဖြင့်ရောက်ရှိလာသည့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ရန်ကုန်၊ ပဲခူး၊ ပုဂံ၊ မန္တလေးမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါ ဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဇော်ကြီး(ပဏ္ဍိတ)**



# မြန်မာ-ထိုင်း ချစ်ကြည်ရေးကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဘားအံ၌ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာ-ထိုင်းချစ်ကြည်ရေး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက် နံနက်က သီရိကွင်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါဈေးရောင်းပွဲတော်ကို ကရင်ပြည်နယ်တရားသူကြီးချုပ် ဦးစောစံလင်း၊ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ မြန်မာနိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ငွေစန္ဒာလမင်းကုမ္ပဏီလီမိတက်နှင့် Kaokrai Creativeကုမ္ပဏီတို့မှ ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသော ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ ဧည့်သည်တော်များက အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မြန်မာ-ထိုင်းချစ်ကြည်ရေး ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ယိုးဒယားမွှေးရာ အမျိုးမျိုး၊ ပလတ်စတစ် လူသုံးကုန်ပစ္စည်းများစသည့် လူ့အသုံးအဆောင်ပစ္စည်းများနှင့် အရည်အသွေးမြင့် ကုန်စည်များကို ချိုသာသော အထူးဈေးနှုန်းများဖြင့် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက် အထိ နံနက် ၉ နာရီမှ ည ၉ နာရီ အထိ ငါး ရက်တိုင် ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိပြီး စင်တင်တေးဂီတဖျော်ဖြေရေး အစီအစဉ်များ၊ ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များ၊ အလားတူဒေသခံများမှလည်း ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ဆိုင်ခန်းများလည်း ပါဝင်ရောင်းချလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သောတားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်လျော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Over White Extra White Cream (NightCream) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |

၃။ အဆိပ်သင့် ဓာတုပစ္စည်းမာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရေလုပ်သားရှားပါးမှုကြောင့် ရေလုပ်ငန်းရှင်များ အခက်ကြုံ

**ရေး ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ်ပင်လယ်ပြင်အတွင်း ငါးဖမ်းရာသီ စတင်နေချိန်တွင် ရေလုပ်သားရှားပါးလာခြင်းနှင့် ငါးဖမ်းဆီးရရှိမှုအဝင်နည်းပါးလာခြင်းတို့ကြောင့် ရေလုပ်ငန်းရှင်အများစုမှာ အကျိုးအမြတ် ကျဆင်းလာဖွယ်ရှိနေကြကြောင်း သိရသည်။

"ရေလုပ်သားတွေက ကြိုတင်ငွေတွေကို အနည်းဆုံး ငွေကျပ် ငါးသိန်းကနေ ၁၀ သိန်းအထိ လူကိုယ်တိုင်ထုတ်ယူနေကြသလို လုပ်ငန်းအပေါ်မှာကျွမ်းကျင်မှုမရှိတာရယ်၊ လက်ရှိပင်လယ်ပြင်လုပ်ငန်းခွင်ကနေမလုပ်နိုင်တော့တဲ့အခါ နှစ်စဉ်ငွေကျပ်သိန်း ၅၀ မှ သိန်း၁၀၀ အထိ ဆုံးရှုံးနေတဲ့အပြင် အလုပ်ရှင်တွေက မတရားခိုင်းစေတယ်ဆိုပြီး အကြောင်းပြသဖြင့် ရေလုပ်ငန်းရှင်တချို့ဟာ တရားစွဲဆိုခံရသူလည်းရှိနေပါတယ်"ဟု ပတ္တမြားတန်း ရေလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးလင်းမြတ်ထိုက်က ပြောသည်။

"ပင်လယ်ပြင်မှာ ကျွမ်းကျင်ရေလုပ်သားတစ်ဦးဟာ စားစရိတ်ငြိမ်း အနိမ့်ဆုံးလုပ်ခလစာ တစ်သိန်းကနေ တစ်သိန်းခွဲအထိ ရပါတယ်။ လုပ်ငန်းသဘောက ပင်ပန်းတယ်၊ လုပ်တဲ့သူအပေါ်မှာ မူတည်တယ်။ ကျွမ်းကျင်မှုမရှိရင် ပိုပင်ပန်းတယ်။ အလုပ်ကတော့ မတရားခိုင်းစေတဲ့ သဘောမျိုးတော့မရှိပါဘူး" ဟု ရေလုပ်သားတစ်ဦးက ပြောသည်။ လက်ရှိပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းမှာ ရာသီဥတု မမှန်သောကြောင့် ငါးဖမ်းဆီးရရှိမှုအဝင်နည်းကာ ဈေးကွက်မှာလည်း ယခင်နှစ်ကလောက်မကောင်းသောကြောင့် ရေလုပ်ငန်းရှင်များမှ ပိုမိုရင်းနှီးမြှုပ်နှံမှုများပြားလာသည့်အတွက် ရေလုပ်သားပြဿနာနှင့် လုပ်ငန်းလည်ပတ်မှုမှာ တွက်ခြေမကိုက်ဖြစ်လာသဖြင့် လုပ်ငန်းထိခိုက်ကျဆင်းလာဖွယ်ရှိနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# လယ်ယာဝန်ဆောင်မှုအသင်း ဖွဲ့စည်းနိုင်ရေး မင်းလှ၌ ဆွေးနွေး

**မင်းလှ ဒီဇင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ကျင်းပသော စက်ပိုင်ရှင်များ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်က အမှတ်(၂၇) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရဲမင်းထွဋ်က လယ်ယာဝန်ဆောင်မှုဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ဌေးက လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျရောင်းဝယ်နိုင်မှုအကြောင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ လင်းလက်ကြယ် လယ်ယာဝန်ဆောင်မှုအသင်းဖွဲ့စည်းရန် အလုပ်အမှုဆောင်ဘဏ္ဍာရေး ဆပ်ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**

# လှိုင်မြို့နယ်၌ အရက်အတုပြုလုပ်သူများအား ဖမ်းမိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပိတောက်ချောင်း နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လှိုင်မြို့နယ် (၂)ရပ်ကွက် သီရိ(၅)လမ်းရှိ တိုက်ခန်းမြေညီထပ်က နိုင်ငံခြားဖြစ် အရက်မျိုးစုံအား ရောစပ်အတုပြုလုပ်နေကြောင်း သတင်းအရ ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီတွင် ဝင်ရောက်ရှာဖွေရာ ၎င်းအခန်းရှိ ထပ်ခိုးပေါ်၌ မလှိုင်မြို့နယ်နေ သိန်းထွန်း (၂၉ နှစ်)၊ သိန်းဇော်(၁၉ နှစ်)၊ ပုသိမ်မြို့နေ ဝင်းလတ် (၂၁ နှစ်)၊ ဇလွန်မြို့နေ အောင်ဝင်းခိုင်(၂၀ နှစ်)၊ မုံရွာမြို့နေ ခန့်လင်းအောင်(၁၉ နှစ်)နှင့် ရွှေပြည်သာမြို့နယ်နေ ကျော်သူလွင် (၁၉ နှစ်)တို့ ခြောက်ဦးအား Cruiser အမျိုးအစားအရက်နှင့် Columbus အမျိုးအစားအရက်များကို ရောစပ်ပြီး High Commisioner ပုလင်းခွံအလွတ်များအတွင်း ထည့်သွင်းနေစဉ်



တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် အခန်းအတွင်း ထပ်မံရှာဖွေခဲ့ရာ Dunfife, Red Lable, Black Lable, Ballitine, JB, Cruiser, High Commisioner, Columbus အမျိုးအစား အရက်ဖြူ ၁၉၃ ဖာနှင့် High Commisioner ထည့်လက်စ အရက်ပုလင်း ၃၇ လုံး၊ အရက်ရောစပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ အရက်ပုလင်းခွံများ၊ ဘောက်ချာစာအုပ်နှင့် စာရင်းစာအုပ်များ၊ ငွေကျပ် ၁၃၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိသိမ်းဆည်းနိုင်ခဲ့သဖြင့် သိန်းထွန်းပါ ခြောက်ဦးတို့အား **(အပေါ်ပုံ)** ပိတောက်ချောင်း နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်ဘီးစီးလာသူကို ကျော်တက်စဉ် ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

**ရေတာရှည် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာတောင်ဘက် ရန်ကုန်-မန္တလေးကားလမ်းတွင် ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်က ဆရာတော်မောင်းနှင်လာသော ယာဉ်သည် စက်ဘီးစီးနင်းလာသူကို ကျော်တက်စဉ် အရှိန်လွန်ကာ ရှေ့မျက်နှာချင်းဆိုင်မှလာသည့် ၁၂ ဘီး ကုန်တင်ယာဉ်နှင့် တိုက်မိခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှ တောင်သို့ ကိုကျော်အေး(၃၉ နှစ်) အမှတ်(၁)ရပ်ကွက် မြင်းခြံမြို့နေသူ မောင်းနှင်လာသည့် ဟီးနိုး5G/---- ၁၂ ဘီးယာဉ်သည် မိုင်တိုင် ၁၉၂/၂-၃ အကြားအရောက် တောင်မှမြောက်သို့ ဆရာတော်ဦးဥတ္တမ သက်တော်(၃၄ နှစ်) ဝါတော်(၁၃)ဝါ မောင်းနှင်လာသော RIG/---- GRANDIS ယာဉ်က စက်ဘီးစီးနင်းလာသူကို ကျော်တက်စဉ် အရှိန်လွန်ကာ ဝင်ရောက် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆရာတော်မှာ(မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆိုင်ကယ်နှင့် ခရီးသည်တင်ယာဉ် တိုက်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ဘီးလင်း ဒီဇင်ဘာ ၁၆**

ဘီးလင်းမြို့နယ်၌ ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီခွဲခန့်က ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၁၂၅/၁)အနီး ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီးလင်းမြို့မှ ကျိုက်ထိုဘက်သို့ ဆိုင်ကယ်မောင်းနှင်သူ အောင်လင်းဦး (၂၉ နှစ်)နှင့် နောက်မှ မငွေငွေစံ(ခ)မိစံ(၂၇ နှစ်)လိုက်ပါလာသော နံပါတ်မပါ Honda Wave 100 ဆိုင်ကယ်က ရှေ့မှ ယာဉ်ကိုကျော်တက်စဉ် အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ဇော်လင်းအောင် (၄၄ နှစ်) ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်သည့် ယာဉ်အမှတ် 2F/---- ခရီးသည်တင်မှန်လုံယာဉ်နှင့် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အောင်လင်းဦးနှင့် မငွေငွေစံ(ခ)မစံတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း အောင်လင်းဦးကို ဘီးလင်းရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မီးဖိုမီး အသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။

# ကော့သောင်း၌ ဆက်သွယ်ရေးစက်နှင့် လက်နက်များ ဖမ်းဆီးရမိ

**ကော့သောင်း ဒီဇင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဆက်သွယ်ရေးစကားပြောစက်နှင့် လက်နက်များ ဒီဇင်ဘာ ၁၅ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ လက်နက်ခဲယမ်းများနှင့် ဆက်သွယ်ရေးစက်များအား ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် မနော်ဟရီလမ်း အိမ်အမှတ် (၁၉၂ )၌ သတင်းအရ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့နှင့် ရပ်ကွက်တာဝန်ရှိသူများ စစ်ဆေးရာ အဆိုပါနေအိမ်ရှိ သန်းထွန်း(ခ)ထွန်းထွန်းနှင့်အတူ သေနတ်သုံးလက်၊ ပစ္စတိုနှင့် ခြောက်လုံးပြူးသေနတ်နှစ်လက်၊ ကျည်ဘောက်၊ ကျည်ဆန်တချို့နှင့် ဆက်သွယ်ရေးစကားပြော အထိုင်စက်တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လက်နက်များနှင့်အတူ ဖမ်းဆီးရမိသည့် သန်းထွန်း(ခ)ထွန်းထွန်းအား ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကလေးငယ်တစ်ဦး အုတ်ရိုက်သည့်ကျင်းအတွင်းကျကာ သေဆုံး

**လက်ပံတန်း ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မင်းရပ် ရပ်ကွက် တန် ၂၅၀ ဆန်စက်လမ်းရှိ အောင်မြေဗိမာန်ဘုန်းကြီးကျောင်းဝင်းအတွင်း ဒီဇင်ဘာ ၁၅ ရက် ညနေ ၅ နာရီခန့်က ကလေးငယ်တစ်ဦး အုတ်ရိုက်သည့်ကျင်းအတွင်း ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

အောင်မြေဗိမာန်ဘုန်းကြီးကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အုတ်ရိုက်အလုပ် လာရောက်လုပ်ကိုင်သူ ဦးလှမျိုးဝင်း၏ သား မောင်အေးထက်အောင် (၁၁ လ)သည် ဆော့ကစားနေရာမှ အုတ်ရိုက်ရန်ပြုလုပ်ထားသော အချင်း ၁၆ လက်မ၊ အနက် နှစ်ပေခန့် အောက်ခြေတွင် ရေ ခြောက်လက်မခန့်ရှိသော မြေကျင်းအတွင်း ရေနစ်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သေမှုသေခင်း ဖွင့်လှစ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လားရှိုးမြို့နှင့် ကျိုင်းတုံမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်က လားရှိုးမြို့ မြို့ရှောင်လမ်း အိုရီယမ်တယ်တိုးဂိတ်အနီးတွင် တွမ်ရှောက်ကျောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များသည် ဝမ်တာပုံပူးပေါင်း စစ်ဆေးရေးစခန်းရှေ့လမ်းမပေါ်၌ ကျာတို(ခ)ကျရီ မောင်းနှင်ပြီး ကျအူ(ခ)သားငယ် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


**မြိုင်ဆရာတော်တရားပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ ၁လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာန နာယက မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း ပြည်ပ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဒီဇင်ဘာ ၁၇ရက်တွင် သာကေတမြို့နယ်၊ (၆)ရပ်ကွက်၊ ဇမ္ဗူသီရိ ၁လမ်း(ဓမ္မသဘင်)၊ ၂၀ရက်တွင် ပခုက္ကူမြို့ (ဓမ္မသဘင်)၊ ၂၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂလမ်း (ဓမ္မသဘင်)၊ ၂၄ ရက်တွင် လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ ယုဇနလမ်း(ဓမ္မသဘင်)၊ ၂၅ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်(ဓမ္မသဘင်)၊ ၂၆ရက်တွင် ပဲခူးမြို့၊ ပိတောက်မြိုင် ဆွမ်းလောင်းသင်း (ဓမ္မသဘင်)၊ ၂၈ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျလမ်း (ဓမ္မသဘင်)၊ ၂၉-၃၀ ရက်တွင် စမ်းချောင်းမြို့နယ်၊ ကံမြင့်ကျောင်းတိုက်၊ ဓမ္မသဘင်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ်၊ ဥက္ကလာပစေတီတော်ရင်ပြင်(ဓမ္မသဘင်)တို့၌ ညစဉ် (၇) နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

**အကျိုးတော်ဆောင်အဖွဲ့**
**မြိုင် မဟာစည်ရိပ်သာ၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၀၄၇၇၆၁၊၀၉-၄၂၁၁၅၁၀၃၀**

**GOLDEN STAR** Travels & Tours
- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Dec-23,30
- မန္တလေး-ပြင်ဦးလွင် ခရီးစဉ် Dec-23,30
- လှိုင်ကော်-ပင်းတယ-ကလော Dec-28
- တောင်ကြီး-အင်းလေး-ပင်းတယ Dec-28

09-5046000, 09-5081580, 09-5036640

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိုးညှင်းမြို့နယ်၊ နန့်မွန်းကျေးရွာ၊ လယ်ပုံတန်းရပ်ကွက်နေ ဦးအောင်မိုး၏သမီး မပန်းဝတ်မှုန်(ခ) မဇင်မာဦး ၁/မညန(နိုင်)၁၄၅၀၈၀မှာ တစ်ဦးတည်းဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာနေ မအိအိမော်၏ဖခင် ဦးမွန်ကျော်မြိုင်(ခ)ဦးကျော်မြိုင် ၁၀/ပမန(နိုင်)၀၃၆၃၁၁မှာ တစ်ဦးတည်းဖြစ်ပါသည်။

**ဦးမွန်ကျော်မြိုင်(ခ)ဦးကျော်မြိုင်**

**အထက(ဖလုံ)**
**နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(ဖလုံ)၏ကျောင်းသားကျောင်းသူ ဟောင်းများမှ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁-၁-၂၀၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(ဖလုံ)ပင်းယခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးဆွေလွင် ဖုန်း-၀၉-၇၉၀၁၃၉၇၉၄ ဦးစိန်လှအောင် ဖုန်း-၀၉-၄၅၀၇၈၉၉၉၇
ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၂၆၃၈ ကိုအောင်ကို ဖုန်း-၀၉-၇၉၉၃၃၂၀၁၀
ဦးမြင့်အေး ဖုန်း-၀၉-၇၉၉၃၁၅၇၆၈ ကိုအောင်နိုင်လင်း ဖုန်း-၀၉-၇၉၉၃၃၁၉၉၂
ဦးသန်းဝင်း ဖုန်း-၀၉-၇၉၈၂၃၆၄၉၇ ဒေါ်အေးအေးမာ ဖုန်း-၀၉-၄၃၀၃၃၅၈၄
ဦးသိန်းဆွေ ဖုန်း-၀၉-၇၉၉၃၂၈၉၈၃ ဒေါ်ဖြူဖြူဝင်း ဖုန်း-၀၉-၇၃၀၃၁၆၅၇

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**



# ဂုဏ်ယူဝမ်းမြောက်ခြင်း

“ပထမ” နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ” အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁–၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂–၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃–၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄–၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅။ | ၂၀၁၅–၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |
| ၆။ | ၂၀၁၆–၂၀၁၇ (ကြိုတင်ခွန်) | ၂၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းပြီးဖြစ်ပါသည်။ |
| ၇။ | ၂၀၁၇–၂၀၁၈ (ကြိုတင်ခွန်) | ၃၂,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းလျက်ရှိပါသည်။ |
| ၈။ | ၂၀၁၈–၂၀၁၉ (ကြိုတင်ခွန်) | ၃၈,၀၀၀.၀၀ သန်း | ကြိုတင်ခွန် ပေးသွင်းရန်လျာထားပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် “ကမ္ဘောဇဘဏ်လီမိတက်” သည် ၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်တွင် (၂၂,၉၅၉.၈၃)သန်းဖြင့် “ပထမ” နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း” အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဦးဆန်းနောင်နှင့်
မိသားစု

Jasmine Palace Construction Co.,Ltd. JASMINE PALACE HOTEL YANGON - MYANMAR Brighter Energy Company Limited

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသော ကမ္ဘောဇဘဏ်လီမိတက်၏ “ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)”သည် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့် ပြည်သူအတွက် (၁၁၀.၆၈၂)ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးဆန်းနောင်နှင့်
မိသားစု

Jasmine Palace Construction Co.,Ltd. JASMINE PALACE HOTEL YANGON - MYANMAR Brighter Energy Company Limited

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၁၆ ခုနှစ်အတွင်း ကမ္ဘောဇဘဏ်လီမိတက်မှ လက်ခံရရှိခဲ့သော နိုင်ငံတကာဆုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။**

- ၂၀၁၆ စက်တင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Finance Asia မှ ချီးမြှင့်သော "Best Bank in Myanmar 2016"
- ၂၀၁၆ အောက်တိုဘာလအတွင်း စပိန်နိုင်ငံအခြေစိုက် Business Initiative Directions မှ ချီးမြှင့်သော "World Quality Commitment 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် World Finance မှ ချီးမြှင့်သော "Best Commercial Bank in Myanmar 2016" နှင့် "Best Retail Bank in Myanmar 2016"
- ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် Financial Times (The Banker) မှ ချီးမြှင့်သော "Bank of the Year in Myanmar 2016"

ဦးဆန်းနောင်နှင့်
မိသားစု

Jasmine Palace Construction Co.,Ltd. JASMINE PALACE HOTEL YANGON - MYANMAR Brighter Energy Company Limited

# ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်း၌ ပထမဆုံး အနေဖြင့် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် နိုင်ငံတကာကိုယ်စားလှယ်ဘဏ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် **"ကမ္ဘောဇဘဏ်လီမိတက်"** နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးဆန်းနောင်နှင့်
မိသားစု

Jasmine Palace Construction Co.,Ltd. JASMINE PALACE HOTEL YANGON - MYANMAR Brighter Energy Company Limited

# တာတမံဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**တာတမံဥပဒေ(ကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**( ၂၀၁၆ ခုနှစ်၊ လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာတမံဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တာတမံ** ဆိုသည်မှာ ရေကိုတားဆီးရန်၊ ထိန်းညှိရန် သို့မဟုတ် ရေထိန်းရန်အလို့ငှာ တည်ဆောက်ထားသည့် မြေသားနံရံ၊ ရေလှောင်တမံ၊ တာပေါင်၊ ရေထုတ်ပြွန်၊ ဆိပ်ခံတံတား၊ ကတုတ်တန်း၊ ရေတံခါး၊ အဆောက်အအုံ၊ ရေမှတ်တိုင်၊ မြေအနိမ့်အမြင့် သတ်မှတ်ချက်နှင့် ယင်းတာတမံကို အထောက်အကူပြုသည့် အခြားလုပ်ငန်းများကို ဆိုသည်။

(ခ) **ကန်သင်း** ဆိုသည်မှာ လယ်ယာစိုက်ကွင်းကို ဝန်းရံထားသည့် သို့မဟုတ် ပိုင်းခြားထားသည့် တာရိုးငယ် သို့မဟုတ် တာပေါင်ငယ် တစ်ခုခုကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ တာတမံနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယ ညွှန်ကြားရေးမှူးကို ဆိုသည်။

(င) **ခရိုင်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်းရှိ တာတမံနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးကို ဆိုသည်။

(စ) **မြို့နယ်တာတမံအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ တာတမံနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးစီး အရာရှိကို ဆိုသည်။

(ဆ) **ကျွဲ၊ နွား၊ တိရစ္ဆာန်** ဆိုသည်မှာ ဆင်၊ ကျွဲ၊ နွား၊ မြင်း၊ လား၊ ဝက်၊ သိုးနှင့် ဆိတ်တို့ကို ဆိုသည်။

(ဇ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် တာတမံ ကျိုးပေါက်ပျက်စီးသည့်အခါ အရေးပေါ်ပြင်ဆင်ရသော လုပ်ငန်းကို ဆိုသည်။

## အခန်း (၂)
## ရေဘေးကာကွယ်ရေးအရေးပေါ်လုပ်ငန်းများအတွက် လုပ်သားများဆင့်ခေါ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

၃။ ရေဘေးကာကွယ်ထားသော တာတမံတစ်ခုခု ကျိုးပေါက်ပျက်စီးနိုင်သည့် အန္တရာယ်ကျရောက်လျှင် ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် အောက်ပါတို့ကို လုပ်ကိုင်ဆောင်ရွက်ရန် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးအား ညွှန်ကြားနိုင်သည်-

(က) ရေဘေးအန္တရာယ်ကျရောက်နိုင်သော တာတမံများကိုကာကွယ်ရန် ရေကင်းစောင့်အဖွဲ့များ ဖွဲ့စည်း၍ တာဝန်ချထားမည့် အစီအစဉ်များ ရေးဆွဲခြင်း၊

(ခ) အရေးပေါ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်အားပေးနိုင်မည့် ကျန်းမာသန်စွမ်းသော လူစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါ အရေးပေါ်လုပ်ငန်းများအတွက် လုပ်အားပေးဆောင်ရွက်နိုင်မည့် ကျန်းမာသန်စွမ်းသော လူစာရင်းကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုတင်ပြခြင်း၊

(ဃ) အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပေါ်လုပ်ငန်းများ၌ သုံးစွဲနိုင်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီးသယ်ရန် ဂုန်နီအိတ်နှင့် ပစ္စည်းသယ်ရန်လှေတို့ကို နီးစပ်သော မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် ဝင်းခြံများအတွင်းသို့ ဝင်ရောက်၍ လက်ရောက်ရယူအသုံးပြုခြင်းနှင့် ဖယ်ရှားခြင်း။

၄။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် အရေးပေါ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်အားပေးနိုင်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုတင်ပြထားသည့် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) ပါ လုပ်အားပေးမည့် လုပ်သားစာရင်းကို ခရိုင်တာတမံအရာရှိထံ ပေးပို့ရမည်။

၅။ ခရိုင်တာတမံအရာရှိ သို့မဟုတ် ယင်းကအာဏာအပ်နှင်းခြင်းခံရသည့် မြို့နယ် တာတမံအရာရှိသည် ရေကင်းစောင့်ရန်နှင့် အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်သားလိုအပ်ပါက ပုဒ်မ ၄ အရ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ပေးပို့သော လုပ်သားစာရင်းတွင်ပါဝင်သည့် လုပ်သားများရရှိရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ တောင်းခံရမည်။

၆။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဆင့်ခေါ်ခြင်းခံရသူများသည် မြို့နယ်တာတမံအရာရှိ သို့မဟုတ် ယင်းက အခွင့်အာဏာအပ်နှင်းခြင်းခံရသော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း လုပ်အားပေးခြင်းဖြင့် ကူညီရမည်။

၇။ (က) လုပ်အားပေးသူများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများ ရယူသုံးစွဲထားခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများ ဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန်လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်တာတမံအရာရှိက ဒေသအလိုက် ဖြစ်ပေါ်နေသည့် အမြင့်ဆုံးဈေးနှုန်းအောက် မနိမ့်သော နှုန်းထားဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသည့် ငွေပမာဏနှင့် စပ်လျဉ်း၍ မကျေနပ်ပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တင်ပြသောကိစ္စရပ်နှင့် စပ်လျဉ်း၍ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်သည်။

## အခန်း ( ၃ )
## တားမြစ်ချက်များ

၈။ မည်သူမျှခွင့်ပြုချက်မရှိဘဲ တာတမံကို တူးဖော်ခြင်း၊ လှေ၊ သစ်ပင်၊ သစ်တုံး၊ ဝါး၊ ဝါးစည်းများကို တာတမံပေါ်တွင် ဖြတ်၍ဆွဲခြင်းမပြုရ။

၉။ မည်သူမျှ တာတမံခိုင်ခံ့မှုကို ပျက်စီးစေရန်ဆောင်ရွက်ခြင်းနှင့် တာတမံကို အထောက်အကူပြုသည့် အဆောက်အအုံများပျက်စီးစေရန် ဆောင်ရွက်ခြင်းမပြုရ။

၁၀။ မည်သူမျှ တာတမံပေါ်တွင်လည်းကောင်း၊ တာတမံ၏ နယ်နိမိတ်အတွင်း တွင်လည်းကောင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စက်ယန္တရားတစ်ခုခုတည်ဆောက်ခြင်း မပြုရ။

၁၁။ မည်သူမျှ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို တာတမံပေါ်တွင် လွှတ်ကျောင်းခြင်း သို့မဟုတ် စားကျက်ချခြင်း မပြုရ။

၁၂။ မည်သူမျှ တာတမံပေါ်တွင် မိုးရေတိုက်စားမှုကာကွယ်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော မြက်ပင်နှင့်ကိုင်းပင် တို့ကို ဖျက်ဆီးခြင်းမပြုရ။

၁၃။ မည်သူမျှတာတမံနှင့်ဆက်စပ်နေသည့် ရေနုတ်မြောင်း သို့မဟုတ် ရေတံခါးကို ပိတ်ပင်တားဆီးခြင်း မပြုရ။

၁၄။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံပေါ်တွင် ယာဉ်များဖြတ်သန်းသွားလာ ခြင်းမပြုရ။

၁၅။ မည်သူမျှ တာတမံကာကွယ်ထားသော ဧရိယာအတွင်း ခွင့်ပြုချက်မရှိဘဲ တာတမံတည်ဆောက်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း မပြုရ။

## အခန်း ( ၄ )
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၆။ မည်သူမဆို ပုဒ်မ ၈၊ ၉၊ ၁၀၊ ၁၃ နှင့် ၁၅ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၁၁၊ ၁၂ နှင့် ၁၄ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၅)
## အထွေထွေ

၁၈။ ပုဒ်မ ၈ မှ ၁၅ အထိပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၀။ The Embankment Act (၁၉၀၉ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# တူးမြောင်းဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**တူးမြောင်းဥပဒေ(ကြမ်း)**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

**၁၃၇၈ ခုနှစ် ၊ လ ၊ ရက်**

**( ၂၀၁၆ ခုနှစ် ၊ လ ၊ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တူးမြောင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တူးမြောင်း** ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန်ဖြစ်စေ ပြည်ထောင်စုအစိုးရက တည်ဆောက်သော၊ ထိန်းသိမ်းသော သို့မဟုတ် စီမံခန့်ခွဲသော တူးမြောင်းများ၊ ရေမြောင်းများ၊ ဆည်များ၊ ရေလှောင်တမံများနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသောလုပ်ငန်းများ၊ မြောင်းပေါင်များ၊ အဆောက်အအုံများနှင့် ရေသွင်း ရေလွှဲမြောင်းများ၊ တူးမြောင်းအတွက် ပြည်ထောင်စုအစိုးရက သိမ်းယူထားသောမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၊ စက်ယန္တရား၊ အခြားတည်ဆောက်မှု၊ သစ်ပင်၊ စိုက်ခင်း၊ လယ်ကြားမြောင်းနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည့် မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်နှင့် သဘာဝ ရေနုတ်မြောင်း၏ အစိတ်အပိုင်းများကို ဆိုသည်။

(ခ) **ကျေးရွာတူးမြောင်း** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ကျေးရွာတူးမြောင်းအဖြစ် ကြေညာထားသည့် တူးမြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံကို ဆိုသည်။

(ဂ) **လယ်ကြားမြောင်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ကုန်ကျစရိတ် ကျခံ၍ ထိန်းသိမ်းခြင်းမပြုသော်လည်း တူးမြောင်းက ရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့် ယင်းရေမြောင်းနှင့် သက်ဆိုင်သည့် အထောက်အကူပြုလုပ်ငန်းများအားလုံးကို ဆိုသည်။

(ဃ) **ရေနုတ်မြောင်း** ဆိုသည်မှာ တူးမြောင်းများက လျှံထွက်လာသော ပိုလျှံရေများ၊ သဘာဝအလျောက်ဆင်းလာသောရေများ စုပေါင်း၍ စီးဆင်းသောရေမြောင်းများ၊ ယင်းရေမြောင်းများနှင့် ဆက်စပ်သည့် အဆောက်အအုံများကို ဆိုသည်။

(င) **ကျေးရွာရေနုတ်မြောင်း** ဆိုသည်မှာ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးက ကျေးရွာ ရေနုတ်မြောင်းလုပ်ငန်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းလုပ်ငန်းကို ဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသောတူးမြောင်း** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းထားသော တူးမြောင်းကို ဆိုသည်။

(ဆ) **ရေယာဉ်** ဆိုသည်မှာ လှေ၊ ဖောင်၊ သစ်နှင့် ရေတွင်ပေါ်သည့် အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဇ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တူးမြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်းရှိ တူးမြောင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ည) **ခရိုင်တူးမြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ခရိုင်အတွင်းရှိ တူးမြောင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဋ) **မြို့နယ်တူးမြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ တူးမြောင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဦးစီးအရာရှိကို ဆိုသည်။

(ဌ) **ရေခွန်** ဆိုသည်မှာ ရေပေးဝေခြင်းအတွက် ကောက်ခံသည့်အခွန်များ၊ တာတမံ ကာကွယ်ထားသည့် စိုက်ပျိုးမြေများအတွက် ကောက်ခံသည့် အခွန်များနှင့် တူးမြောင်းရေကို နည်းအမျိုးမျိုးဖြင့် အသုံးပြုသည့်အတွက် ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဍ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းမျိုးမျိုးကြောင့် တူးမြောင်း အတွင်း ရေလျှံတက်ပြီး တူးမြောင်းပေါင် ကျိုးပေါက်သည့်အခါ အရေးပေါ် ပြင်ဆင်ရသော လုပ်ငန်းကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပုဂံဒေသအား ကမ္ဘာ့ အမွေအနှစ်စာရင်းဝင်ဖြစ်ရေး UNESCO သို့ တင်နိုင်ရန်ဆောင်ရွက်

**မိတ္ထီလာ ဒီဇင်ဘာ ၁၆**

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေး ယူနက်စ်ကို သို့တင်ပြရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနတို့က ၁၉၉၄ ခုနှစ်ကတည်းက ပုဂံကိုကမ္ဘာ့အမွေအနှစ်ဖြစ်ရေးအတွက် ယူနက်စ်ကိုသို့ တင်သွင်းခဲ့သည်။ သို့သော် ယူနက်စ်ကိုက အကြောင်းပြချက်တစ်ခုဖြင့် ပယ်ချခဲ့သည်။



ယခုအခါ ယူနက်စ်ကိုကပင် ပုဂံကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့က မြန်မာနိုင်ငံရှိ ယူနက်စ်ကိုတာဝန်ခံ ဒေါ်ဥမ္မာမျိုး၊ ပြည်တွင်း ပြည်ပ မှပညာရှင်များ မြန်မာနိုင်ငံရှိ ပြည်တွင်း Icomos မှ အဖွဲ့ဝင်ခြောက်ဦးတို့က လိုအပ်ချက်များဖြစ်သော ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများ၏ စံနှုန်းများရေးဆွဲခြင်း၊ လက်ရှိဇုန်များ ပြင်ဆင်ရန်ဆွေးနွေးပွဲများကို ရန်ကုန်ရှေးဟောင်း သုတေသနဦးစီးဌာနတွင် လည်းကောင်း၊ ပုဂံရှေးဟောင်း သုတေသနပြတိုက်ကြီးတွင် လည်းကောင်း၊ ယူနက်စ်ကိုအဖွဲ့၏ လိုအပ်ချက်များကို အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေး နေစဉ် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်က ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သောကြောင့် ပုဂံရှိ ရှေးဟောင်းဘုရား၊ ပုထိုးစေတီများ ပြိုကျ ပျက်စီးခဲ့သည်။

ယခုငလျင်လှုပ်ခတ်ပြီးနောက် မိုးအလွန်များနေ၍ စိုးရိမ်ရသောအက်ကွဲကြောင်းကြီးများအားအရေးပေါ်ဆောင်ရွက်သည့်အနေဖြင့် အရေးပေါ် တာပေါ်လင်များ အုပ်ခြင်း၊ အက်ကွဲကြောင်းကြီးများအတွက် အင်္ဂတေရည်ဖျော်လောင်း ပိတ်ဆို့ခြင်းများ ပြုလုပ်နေသည်။ နောင်တွင် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ နောင်လာမည့် ငလျင်ဒဏ်များ ခံနိုင်စေရန်အတွက်လည်းကောင်း၊ ယူနက်စ်ကိုမှလာရောက်မည့်ပညာရှင်များ၏ အကြံဉာဏ်များ၊ နည်းပညာများကို စောင့်ဆိုင်း နေသည်။ ယင်းတို့၏ နည်းပညာအကြံဉာဏ်များအား အရေးကြီးဦးစားပေး လုပ်ကိုင်ရမည့် ရှေးဟောင်းအဆောက်အအုံများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ယူနက်စ်ကိုမှ လာရောက်မည့် ပညာရှင်များက Nomination Dossier နှင့် ပုဂံရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများ၊ အရည်အသွေးစံများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးရန် ကြိုးပမ်း ဆောင်ရွက်နေကြကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဇမ္ဗူသီရိမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး စဉ်ဆက်မပြတ်ဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ်အတွင်း ခိုးမှု၊ လုယက်မှု၊ မူးယစ်ဆေးမှုနှင့် အခြားဒုစရိုက်လုပ်ငန်းများ လျော့နည်းပပျောက်ရေးရည်ရွယ်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်နှင့် ဒက္ခိဏခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ခင်တို့၏ စီစဉ်မှုဖြင့် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဆန်းအောင် ဦးစီး၍ အမှတ်(၁)မြို့မရဲစခန်းနှင့် အမှတ်(၂)ရဲကင်းတပ်ဖွဲ့ဝင် ၂၀ တို့က ယာဉ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများကို ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျဉ်းမနား-တောင်ညို ကားလမ်းမပေါ်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်တို့၌ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်ညပိုင်းတွင် ပျဉ်းမနား-တောင်ညိုလမ်းမ၌ ယာဉ်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်အက်ဥပဒေ ပုဒ်မ-၆၂ ဖြင့်နှစ်မှု အရေးယူဆောင်ရွက်ခဲ့သည်။

ဇမ္ဗူသီရိမြို့နယ်တွင် ယခုလအတွင်း လောင်းကစားမှုတစ်မှု၊ ယစ်မျိုးငါးမှု၊ ရဲအက်-၃၇ တစ်မှု၊ မော်တော်ယာဉ်အက်ဥပဒေ ပုဒ်မ-၆၂(၁၃)မှု အရေးယူဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုအတွက် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ခဲ့ရာ မှုခင်းကျဆင်းရေး နေ့စဉ်စဉ်ဆက်မပြတ် စစ်ဆေးရှာဖွေမှုများအပြင် ညစဉ်လှည့်ကင်း၊ ရပ်ကင်းများဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဆန်းအောင်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဇော်(မင်္ဂလာ)**

# လယ်ဝေးမြို့နယ် ရှေးဟောင်းသစ်ထွင်းလှေကြီးအား အများပြည်သူများလာရောက်လေ့လာနိုင်

**လယ်ဝေး ဒီဇင်ဘာ ၁၆**

နေပြည်တော် လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာအုပ်စု ရွှေအုန်းပင်ကျေးရွာ အဘယသုခ ကျောင်းတိုက်အတွင်း၌ ရှေးဟာင်းသစ်ထွင်းလှေကြီးအား အများပြည်သူများ လာရောက်လေ့လာနိုင်ရေးအတွက် ထားရှိလျက်ရှိသည်။



အဆိုပါ သစ်ထွင်းလှေကြီးအား ၂၀၀၇ ခုနှစ် မေ ၇ ရက်တွင် ရွှေအုန်းပင်ကျေးရွာ အနောက်မြောက်ဘက် ပေ ၄၀၀ ခန့်အကွာ ပလွေးချောင်းအတွင်း ရေနှစ်ပေခန့်အနက်အောက်တွင် ဦးစိုးညွန့်က စတင်တွေ့ရှိပြီး ကျေးရွာ ရပ်မိ ရပ်ဖများနှင့်တိုင်ပင်ကာ ဆယ်ယူပြီး အဘယသုခကျောင်းတိုက်သို့ ပို့ဆောင်ခဲ့ကြသည်။ ကျောင်းတိုက်ဆရာတော်မှ သီရိမင်္ဂလာဆုတောင်းပြည့်တော်ဝင်ရွှေလှေဟု မှတ်တမ်းတင်ခဲ့ကြောင်းနှင့် ရှေးဟောင်းသစ်ထွင်းလှေအမျိုးအစားမှာ(သက်န်း)သားဖြစ်ပြီး နှစ်ပေါင်း ၁၀၀၀ ကျော်ဝန်းကျင်ရှိကြောင်းနှင့် အလျား ၆၆ ပေ ၂ လက်မ၊ အကျယ် ၁ ပေ ၇လက်မ၊ စောက် ၂ ပေ ၁၀ လက်မရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဗုဒ္ဓပူဇနိယပွဲတော်နှင့် နိဗ္ဗာန်စျေးပွဲတော်ဖွင့်ပွဲ ကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကင်းအေးစေတီတော် သဒ္ဒါဗောဓိအောင်တော်မူ မြတ်စွာဘုရားကြီး၏ (၁၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲတော်နှင့် နိဗ္ဗာန်စျေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို နယ်မြေခံတပ်မှ ဒကစမှူး ဗိုလ်မှူးချုပ် မြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေ နှင့် ရွှေပင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**စလင်း ဒီဇင်ဘာ ၁၆**

စလင်းမြို့ မြို့မစည်ပင်သာယာစျေးကြီးတွင် ဒီဇင်ဘာ ၁၄ ရက် ညနေက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြလေ့ကျင့်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ထွန်းနှင့်အဖွဲ့သည် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ စျေးသူစျေးသားနှင့် စျေးအကျိုးတော်ဆောင်များနှင့်အတူ ပူးပေါင်းပါဝင် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်ရာတွင် စလင်းမီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးဌေးမော် ဦးစီး၍ မီးငြိမ်းသတ်ရေယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



**ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ (၁၀၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိရာ နတ်တော်လပြည့်နေ့ ညနေပိုင်းက သံဃာတော် ၁၆၈ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြစဉ်**
မောင်ယဉ်ကျေး

# တီဘီရောဂါတိုက်ဖျက်ရေး ဆွေးနွေး

**ပုသိမ် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစီအစဉ်ဖြင့် အမျိုးသားတီဘီရောဂါ စီမံချက်၊ ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သော ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲကို ဒီဇင်ဘာလဒုတိယပတ်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်၎င်းအဖွဲ့က ကွင်းဆင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြပြီး အမျိုးသမီးများဘဝလုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

ထို့နောက် တင်ပြလာသည့် အခက်အခဲများဖြစ်သည့် ငနွေဖျူမြို့နယ်မှ အမျိုးသမီးငယ်၏ ဘဝလုံခြုံမှုအတွက်လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ်မှ မီးဖွားပြီးစ ကလေးငယ်နှင့် ဒုက္ခရောက်နေသော အမျိုးသမီးအတွက်လည်းကောင်း၊ ဖျာပုံမြို့နယ်မှ ဆင်းရဲနွမ်းပါး အမြွှာမွေးမိခင်များ ထောက်ပံ့ရေးအတွက် လည်းကောင်း စီစဉ်ဆောင်ရွက်ခဲ့ပြီး ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ဒေသဝမ်းစာဖူလုံရန် အကျိုးပြုနေသော ညောင်ဦးမြို့နယ်မှ မြစ်ရေတင်ကြီးငါးခု

**ဆောင်းပါး - ကျော်ဌေး(ညောင်ဦး)**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိသည့် မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သည်။ တစ်နှစ်လျှင် မိုးရေချိန် ပျမ်းမျှလက်မ ၂၀ ကျော်သာ ရွာသွန်းကာ ထို့ထက်ပင် နည်းသည်လည်း ရှိတတ်သည်။ နွေရာသီရောက်ပြီဆိုလျှင် သောက်သုံးရေကလည်း ရှားတတ်သေးသည်။

ညောင်ဦးမြို့နယ်အတွင်း ကျေးလက်တောရွာများမှ ပြည်သူများသည် မွေးမြူရေးလုပ်ငန်း၊ ထန်းတက်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ယခင်ကာလများက မိုးကိုမျှော်ပြီး မိုးသီးနှံတစ်မျိုးတည်းကိုသာ စိုက်ခဲ့ကြရသည်။ ယခုအခါတွင်မူ မြစ်ရေတင်ကြီးများမှရေဖြင့် နွေစပါးအပြင် မိုးစပါးနှင့် အခြား သီးနှံများကို သီးညှပ်စိုက်ပျိုးခြင်း စသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လာကြပြီဖြစ်သည်။

**မြစ်ရေတင်ကြီးငါးခု**

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းများကို မြစ်ရေတင်ကြီးငါးခုမှ ရေများဖြင့် လုပ်ကိုင်ကြသည်။ မြစ်ရေတင်ကြီးများမှာ ပုဂံမြို့ လောကနန္ဒာဘုရားအနီးရှိ လောကနန္ဒာမြစ်ရေတင်၊ နတ်သမီးကမ်းပါးဘက် ကျောက်ကူးဘုရားအနီးရှိ ကျောက်ကူးမြစ်ရေတင်၊ အောက်ညဥ့်ကျေးရွာနှင့် သဖန်းကုန်းရွာအကြားရှိ သူကောင်းတည်မြစ်ရေတင်၊ သရက်ကုန်းရွာအနီးရှိ လက်ပန်ခြေပေါ်မြစ်ရေတင်နှင့် အုန်းနဲ့ချောင်းရွာအနီးရှိ ငါ့သရောက်မြစ်ရေတင်တို့ဖြစ်ကြသည်။

လောကနန္ဒာမြစ်ရေတင်ကို ပင်မမြောင်းအရှည် ၅ ဒသမ ၇၇ မိုင်နှင့် လက်တံမြောင်းအရှည် ၂၉ ဒသမ ၇၃ မိုင် တည်ဆောက်ပေးထားသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မူလစိစစ်ပြီး စိုက်ပျိုးရန်လျာထားမြေ ဧက ၇၂၀၀ သတ်မှတ်ကာ စပါးစိုက်ဧက ၅၄၉ ဧကနှင့် အခြားသီးနှံ ၂၀၀၁ ဧက စုစုပေါင်း စိုက်ပျိုးမြေ ၂၅၅၀ ဧကအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ကျောက်ကူးမြစ်ရေတင်စီမံကိန်းမှာ ပင်မမြောင်းအရှည် ၄ ဒသမ ၄၆မိုင်နှင့် လက်တံမြောင်းအရှည် ၉ ဒသမ ၇၅ မိုင်ရှိသည်။ ယခုနှစ်တွင် ကျောက်ကူးမြစ်ရေတင်မှ စိစစ်ပြီးစိုက်ပျိုးမြေဧက ၁၈၀၀ ကိုရေပေးဝေရန် လျာထားသတ်မှတ်ပြီး စပါး ၁၂၇ ဧကနှင့် အခြားသီးနှံ ၅၀၈ ဧက စုစုပေါင်း ၆၃၅ ဧကကို ရေပေးဝေစိုက်ပျိုးလျက်ရှိသည်။

သူကောင်းတည်မြစ်ရေတင်မှာ အောက်ညဥ့်ကျေးရွာအနီး၌ ဧရာဝတီမြစ်ရေကိုတင်၍ ပင်မမြောင်းအရှည် ၄ ဒသမ ၇၄ မိုင်နှင့် လက်တံမြောင်းအရှည် ၂၁ ဒသမ ၇၉ မိုင်ဖြင့် ရေပေးဝေလျက်ရှိသည်။ ယခုနှစ်တွင် စိုက်ပျိုးရန် စိစစ်လျာထားဧကမှာ ၄၃၀၀ ဖြစ်ပြီး စပါးစိုက်ဧက ၂၆၀ နှင့် အခြားသီးနှံစိုက်ဧက ၆၆၀ စုစုပေါင်းဧက ၉၂၀ ကို စိုက်ပျိုးရေ ဖြန့်ဖြူးပေးဝေလျက်ရှိသည်။

သရက်ကုန်းရွာထိပ် မယ်ကတော်ဘုရားနှင့် ကပ်လျက်ရှိ လက်ပန်ခြေပေါ်မြစ်ရေတင်မှာ ဧရာဝတီမြစ်ရေကိုစုပ်တင်၍ စိုက်ပျိုးရေများ ပေးဝေလျက်ရှိပြီး ရေပေးဝေနိုင်ရန် လျာထားဧက ၁၀၀၀ ရှိသည့်အနက် ယခုနှစ်တွင် စပါးစိုက်ဧက ၄၄၀ နှင့် အခြားသီးနှံစိုက်ဧက ၅၂၀ စုစုပေါင်းစိုက်ဧက ၉၆၀ ကို ရေဖြန့်ဝေပေးလျက်ရှိသည်။

ငါ့သရောက်မြစ်ရေတင်မှာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းလည်းဖြစ်ပြီး ပင်မမြောင်းအရှည် ၁၀ ဒသမ ၆၈ မိုင်နှင့် လက်တံမြောင်းအရှည် ၁၉ ဒသမ ၆မိုင်ရှိသည်။ စိုက်ပျိုးရေပေးဝေနိုင်ရန် မူလလျာထားဧက ၂၁၈၅ ဧကရှိသည့်အနက် ယခုနှစ်တွင် စပါးစိုက်ဧက ၆၅၇ ဧကနှင့် အခြားသီးနှံ ၉၄၈ ဧက စုစုပေါင်း ၁၆၀၅ ဧကအတွက် စိုက်ပျိုးရေ ဖြန့်ဖြူးပေးလျက်ရှိသည်။

မြစ်ရေတင်ငါးခုပေါင်းမှ ညောင်ဦးမြို့နယ်အတွင်း စုစုပေါင်းရေပေးဝေရန် စိစစ်လျာထားဧက ၁၆၄၈၅ ဧကအနက် ယခုနှစ်တွင် ၆၆၇၀ ဧကကိုသာ ရေပေးဝေဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။



မြစ်ရေတင်တစ်ခုတွင် ဧရာဝတီမြစ်အတွင်းမှ ရေများတင်နေစဉ်

**ညောင်ဦးဒေသအတွက် အကျိုးပြု**

"ကျွန်တော်တို့ငယ်ငယ်က မြစ်ရေတင်တွေလည်းမရှိဘူး။ စပါးပင်လည်း မမြင်ဖူးပါဘူး။ အဲဒီတုန်းကတော့ ဒီဒေသမှာ ဆေးရွက်ကြီး၊ ငရုတ်၊ နှံစားပြောင်း စိုက်ကြတယ်။ နှံစားပြောင်းစိုက်တော့ နှံစားပြောင်းကိုကြိတ်ပြီး ဆန်ထမင်းအစား ပြောင်းထမင်းကို ချက်စားခဲ့ရပါတယ်။ အခုလိုမြစ်ရေတင်တွေတည်ဆောက်ပြီး စပါးနှင့် အခြားသီးနှံ စိုက်ပျိုးရတော့ ဒေသနေတောင်သူတွေ တစ်နှစ် တစ်သီးစားဘဝမှ တစ်နှစ်နှစ်သီးစား သုံးသီးစားဘဝကို ရောက်ခဲ့ပြီပေါ့။ စပါးစိုက်ခွင့်ရလို့ လူစာသာမက ပတ်ဝန်းကျင်အနီး ကျေးရွာများက မွေးမြူရေး ကျွဲနွား သိုးဆိတ်အစာတွေလည်း ပေါလာပါတယ်။ အရင်ကဆိုရင် အလုပ်လက်မဲ့များတယ်။ အခုတော့ ဒီဒေသမှာ အလုပ်အကိုင်တွေလည်း ပေါလာတယ်။ နှစ်ပတ်လည် အလုပ်အကိုင်မရှားတော့ပါဘူး။ စပါးစိုက်၊ စပါးရိတ်၊ စပါးပေါင်းသင်လုပ်ငန်းများကို အလုပ်သမားများ မနားတမ်းလုပ်ရပါတယ်။ ဒေသနေတောင်သူတွေရဲ့ဝမ်းစာဖူလုံစေရုံမက အခြားနီးစပ်ရာကျေးလက်ပြည်သူများအတွက်ပါ အားထားရပါတယ်။ အားကိုးရပါတယ်"ဟု မြစ်ရေတင်ကြီးများက ညောင်ဦးဒေသအတွက် အကျိုးပြုပုံများကို အုန်းနဲ့ချောင်းရွာသားတစ်ဦးက ပြောသည်။

**အခက်အခဲများရှိ**

မြစ်ရေတင်များအနေဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသော်လည်း အမှန်တကယ် ရေပေးဝေရာတွင် ဧရာဝတီမြစ်ရေနည်းလာခြင်း အပါအဝင် အခြားအခက်အခဲများ ရှိနေကြောင်းလည်း သိရသည်။ "အခုအချိန်က ရေကျမစ္စဲဖြစ်နေတော့ ရေမော်တာက အောက်ရောက်ရောက်သွားပါတယ်။ အောက်ရောက်သွားတော့ ရေစုပ်ပိုက်ကလည်း မကြာမကြာ ဆက်ပေးနေရပါတယ်။ မြစ်ရေကလည်း သောင်ပေါ်နေတော့ သောင်ကိုလည်း ဖျက်ပေးနေရသေးတယ်။ ဒါမှလည်း ရေကစုပ်တင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အခုရက်ပိုင်းမှာ ရေကျပြီးသောင်ပေါ်နေပေမယ့် တောင်သူတွေရေမပြတ်အောင် ဆောင်ရွက်ပေးနေပါတယ်"ဟု သူကောင်းတည်မြစ်ရေတင်မှ ဦးစီးမှူးက ပြောသည်။



မြစ်ရေတင်တစ်ခုမှ ရေများဖြန့်ဝေပေးနေသော ပင်မမြောင်းတစ်ခု

**မြစ်ရေတင်ကြီးများနှင့် သောက်သုံးရေ**

ညောင်ဦးမြို့နယ်တွင် အထက်ပါမြစ်ရေတင်ကြီးငါးခုသည် တောင်သူလယ်သမားတို့၏ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေကို ရရှိရုံသာမက သောက်သုံးရေအတွက်လည်း အားထားနေကြရသော မြစ်ရေတင်များဖြစ်သည်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လောကနန္ဒာမြစ်ရေတင်စီမံကိန်းသည် ကျေးရွာကိုးရွာအတွက် ရေကန်တစ်ခုကို နေ့စဉ် ရေဂါလန် ၁၈၀၀၀၀ ကို ဖြန့်ဝေပေးနေပြီး ကျေးရွာနေပြည်သူပေါင်း ၇၈၀၀ ကျော်အတွက် သောက်သုံးရေအပြင် ကျွဲနွား တိရစ္ဆာန်များအတွက်ပါ ရေရရှိနေကြသည်။

ကျောက်ကူးမြစ်ရေတင်မှလည်း ကျေးရွာနှစ်ရွာအတွက် ရေကန်နှစ်ကန်တူးဖော်ပေးခဲ့ပြီး နေ့စဉ် ရေဂါလန် သုံးသောင်းခန့် ဖြန့်ဝေပေးနေသောကြောင့် လူဦးရေ ၁၂၀၀ ကျော်အတွက် သောက်သုံးရေအလုံအလောက်ရရှိနေသည်။ သူကောင်းတည်မြစ်ရေတင်စီမံကိန်းမှလည်း သောက်သုံးရေကန်နှစ်ကန် တည်ဆောက်ပေးထားပြီး နေ့စဉ်ရေဂါလန် တစ်သိန်းခွဲခန့်ကို ဖြန့်ဝေပေးလျက်ရှိရာ လူဦးရေ ၅၉၀၀ ခန့်မှာ သန့်ရှင်းသောသောက်သုံးရေများ သုံးစွဲကြရသည်။ လက်ပန်ခြေပေါ် မြစ်ရေတင်စီမံကိန်းကလည်း ကျေးရွာခြောက်ရွာအတွက် ရေကန်သုံးကန် တူးဖော်ပေးထားပြီး နေ့စဉ်ရေဂါလန်ခြောက်သောင်း ဖြန့်ဝေပေးနေရာ လူဦးရေ ၂၄၀၀ ကျော်အတွက် ရေအလုံအလောက်ရရှိစေသည်။ ငါ့သရောက်မြစ်ရေတင်စီမံကိန်းကလည်း ကျေးရွာခြောက်ရွာအတွက် ရေကန် ငါးကန် တူးဖော်ပေးထားပြီး ရေဖြန့်ဝေပေးနေသဖြင့် ယခင်က ရေရှားပါးခဲ့သော ကျေးလက်ဒေသနေပြည်သူ ၆၇၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေများ အလုံအလောက်ပေးဝေလျက်ရှိသည်။

**ပံ့ပိုးကူညီမှုများ ပေးသင့်**

ညောင်ဦးမြို့နယ်မှ မြစ်ရေတင်ကြီးများသည် ဒေသဝမ်းစာ စိုက်ပျိုးရေးအတွက် ရေရရှိစေရုံသာမက ဒေသခံပြည်သူများ၏ သောက်သုံးရေအခက်အခဲကို ပြေလည်စေခြင်းကြောင့် ညောင်ဦးဒေသခံ ပြည်သူများ၏ဘဝ အဆင်ပြေစေရေးအတွက်များစွာအထောက်အကူပြုနေသော မြစ်ရေတင်ကြီးများဖြစ်သည်။ အဆိုပါ မြစ်ရေတင်ကြီးများမှာ ယခုအခါ မူလစိုက်ပျိုးမြေ စိစစ်လျာထားဧကထက် လျော့နည်း၍သာ ရေပေးဝေနိုင်သဖြင့် မူလလျာထားဧက ပြည့်မီအောင် ရေပေးဝေနိုင်ပါက အခြားသောဒေသများအတွက်ပါ စားနပ်ရိက္ခာပြည့်စုံစေရန် အထောက်အကူပြုမည်ဖြစ်ရာ အဆိုပါ မြစ်ရေတင်ကြီးများမှ ရေပိုမိုဖြန့်ဝေပေးနိုင်ရန်အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ပေးရန် ဒေသခံတောင်သူများက မျှော်လင့်လျက်ရှိသည်။

## မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ သုတေသနစာတမ်းအတွက် စစ်တမ်းကောက်ယူမည်

**မြောင် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ သုတေသန စာတမ်းအတွက် စစ်တမ်းကောက်ယူခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်က မြောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထီးလှိုင်ရှင်ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က ကလေးများကို ငါးနှစ်အရွယ်တွင် ကျောင်းစတင်ထားရသည့်အတွက် ကလေးသူငယ်များ လုံခြုံမှုရှိစေလိုကြောင်း၊ ယခုမျက်မှောက်ကာလတွင် သက်ငယ်မုဒိမ်းမှုများ အမြို့မြို့အနယ်နယ်တွင် ဖြစ်ပွားလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် မိမိတို့၏ ရင်သွေးငယ်များကို အထူးအလေးထား ဂရုစိုက်ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့အပြင် ကလေးများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း အစဉ်အမြဲ ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ကျန်းမာရေးကောင်းမွန်မှသာ ကလေးများ၏ ပညာရေးကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အနေဖြင့်လည်း လိုအပ်သည်များကို ကူညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာခိုင်မျိုးအိက သုတေသနစာတမ်းအတွက် စစ်တမ်းကောက်ယူမှု မေးခွန်းလွှာနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **တင်ကိုကို**



## ရေတာရှည်မြို့နယ်လုံးဆိုင်ရာ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရေတာရှည် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး(TSDP)အစီအစဉ်အရ ကျင်းပသည့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မာရသွန်၊ အေရိုးဗစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ဘောလုံးအားကစားကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးနှင့်တာဝန်ရှိသူများ၊ အားကစားပြိုင်ပွဲဖြစ်မြောက်ရေးဆပ်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။ ပြိုင်ပွဲများအလိုက် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **ကိုလွင်(ဆွာ)**

## သတင်းတိုများ

### ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ရှောင်တခင်စစ်ဆေး

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရေးအတွက် နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့စု(၇)မှ ရဲအုပ်ဝင်းကျော် ဦးဆောင်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၁၄ ရက်က ရှောင်တခင်စစ်ဆေးကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ကျော်စွာ (လယ်ဝေး)**

### ကျွမ်းကျင်မှုဆိုင်ရာစာရင်းကိုင်သင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ သင်တန်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်နံနက်က ကျွမ်းကျင်မှုဆိုင်ရာ စာရင်းကိုင်အဆင့်(၂) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၁၁)သင်တန်းဖွင့်ပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်ကိုယ်စား စီမံရေးရာဌာနခွဲ ညွှန်ကြားရေးမှူးဦးသန်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ငွေစာရင်းဌာနခွဲညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က သင်တန်းတွင် သိရှိလေ့လာသင်ကြားရမည့် ငွေစာရင်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါကျွမ်းကျင်မှုဆိုင်ရာစာရင်းကိုင်အဆင့်(၂)လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁၁)၌ သင်တန်းသား သင်တန်းသူ ၅၉ ဦးတက်ရောက်မည်ဖြစ်ပြီးသင်တန်းကာလမှာ ဒီဇင်ဘာ ၁၂ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မဲနယ်တောင်တန်းမှာ ငြိမ်းချမ်းရေးရောင်ခြည်ဖြာခဲ့သောကြောင့်

**မြင့်စိုး(နတလ)**



ကျွန်တော့်ရဲ့မှတ်ဉာဏ်စွမ်းရည်တွေ သည်လောက်တောင် လျော့ပါးသွားပြီလားဆိုသည့်အတွေးဖြင့် ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်ခဲ့မိသည်ကတော့အမှန်ပင်။ ကြည့်လေ ၁၉၈၄-၁၉၈၅ နှစ်များက မကြာခဏ ဝင်လိုက်ထွက်လိုက်၊ ဖြတ်လိုက်သန်းလိုက်ပြုလုပ်ခဲ့ဖူးသော ရွာလေးတွေ (ယခုတော့ ရွာကြီးတွေ)။ ဆီဆိုင်-လွယ်ထွဲ-ထီရီး(ပွန်ရမ်း)-မိရဲ-တောရ-ပြင်သာယာ-ထွေဖူး-လွယ်ပွတ်မှတစ်ဆင့် ဆိုက်ခေါင်ကို ပြန်ဝင်လာသည်အထိ ဆိုက်ခေါင်ကလွဲလို့ ဘယ်ရွာကိုမှ ကျွန်တော်မမှတ်မိတော့။ ပြောရလျှင် ဆိုက်ခေါင်တောင်မှ သည်နှစ်ထဲမှာတစ်ခေါက် ဆေးရုံဖွင့်ပွဲအခမ်းအနားတက်ရင်း ပြန်ရောက်ဖူးထား၍သာ အမြင်စိမ်းမနေခြင်း ဖြစ်ချိမ့်မည်။ သြော် ပြန်တွက်ကြည့်တော့လည်း နှစ်ပေါင်း ၃၀ ကြီးများတောင် ကျော်ခဲ့ပြီပဲ။ ကိုယ်ကလည်း အသက်အရွယ်တွေရလာပြီမို့ သည်ရွာလေးတွေရဲ့အနေအထား၊ ဝန်းကျင်ပုံရိပ်တွေကို မမှတ်မိတော့တာဖြစ်မှာပါလေဟု အချိန်ကာလနှင့် အသက်အရွယ်ဘက်သို့ သာသာထိုးထိုးလေးတွန်းပို့ရင်း ဖြေသိမ့်လိုက်မိ၏။

ကားလမ်းတစ်လျှောက် ရွာစဉ်အလိုက် ဆိုင်းဘုတ်လေးတွေ လိုက်ဖတ်ကြည့်မိ၍သာ သည်ရွာက ပွန်ရမ်း၊ ဟိုရွာက ထွေဖူးဟု သိခဲ့ရခြင်းဖြစ်သည်။ တစ်ချိန်က ကားလမ်းဝေးလို့ လှည်းလမ်းတောင်မှ ဖြောင့်ဖြောင့်မရှိတတ်သော ရွာလေးတွေ။ ခုတော့ မဲနယ်တောင်အနောက်ခြမ်းနှင့် ဟိုပုံး-ဆီဆိုင်-လွိုင်ကော် ကားလမ်းမကြီးကြားမှာ ရွာစဉ်ရွာဆက် ကားလမ်းတွေပေါက်လို့။ မြေလမ်းတစ်သွယ်၊ ကျောက်လမ်းတစ်ဖုံ၊ လွယ်ပွတ်နှင့် ဆိုက်ခေါင်ကြားမှာလည်း ကတ္တရာလမ်းဖြစ်ခဲ့ပြီ။ တစ်ချိန်က ကျွဲတွေ၊ နွားတွေ၊ လားတွေ၊ မြင်းတွေနှင့် သွားလာနေကြသော ကျွန်တော်တို့ အမျိုးတွေ၏ရွာများ၊ သည်ခေတ်သည်ကာလမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ သွားလာနေကြပြီဖြစ်သကဲ့သို့ ညရေးညတာ မီးတုတ်ကြီးတွေကိုင်ပြီး တစ်ရွာနှင့်တစ်ရွာ သာရေးနာရေး သွားလာမေးမြန်းခဲ့ရသောဘဝတွေ၊ ဝေး...ငါလာတယ်ဟေ့၊ သူလာတယ်ဝေ့နှင့် လှမ်းအော်နေရသောဘဝတွေကလည်း လွတ်ခဲ့ပြီ။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ တယ်လီဖုန်းလိုင်းမမိသောရွာဟူ၍ မရှိတော့သလောက် ဖြစ်နေသောကြောင့်ပင်တည်း။ ဝမ်းမြောက်ဖွယ်ကောင်းလေစွတကား။ ထိုရွာလေးတွေကိုကြည့်ရင်း ၁၉၈၄-၁၉၈၅ခုနှစ်တွင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း ဦးစီးသော မိမိတို့ အမှတ်(၁၄)ခြေမြန်တပ်ရင်း ထိုဒေသသို့ စစ်ဆင်ရေးဝင်ရောက်ခဲ့ပုံတွေ၊ ရွာတွေမှာ ဖြတ်သန်းသွားလာစဉ် ပိုင်ရှင်မသိဘဲ ဟင်းသီးဟင်းရွက်တွေ ခူးယူစားမိသော စစ်သည်များကြောင့် "သူ့ပိုင်ရှင်က မပေးမစွန့်၊ သစ်ညွန့်တစ်ခက် ဟင်းရွက်တစ်နွယ်၊ သက်ငယ်တစ်ပြစ် ဝါးတစ်ဆစ်မျှ၊ သူ့ပစ္စည်းအား မပြစ်မှားနှင့်" ဆိုသည့်ကဗျာကို တပ်ရင်းတစ်ရင်းလုံး ကျက်ခဲ့ရပုံတွေ တရေးရေး ပြန်လည်အမှတ်ရမိ၏။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ဒီဇင်ဘာ ၃ ရက် ပအိုဝ်းဒေသခရီးစဉ်တွင် ဆီဆိုင်မြို့နယ်အတွင်းရှိ ဆီဆိုင်-လွယ်ထွဲ-ထီရီး(ပွန်ရမ်း) လမ်း လေးမိုင်အရှည်တွင် ကျောက်ခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူးဦးမြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

ယင်းကျောက်လမ်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက ပအိုဝ်းဒေသအတွင်း ယခင့်ယခင်ဘဏ္ဍာနှစ်များ၌ ဖောက်လုပ်ပေးခဲ့သောမြေလမ်းများ အရည်အသွေးကောင်းမကောင်း၊ စံချိန်စံညွှန်းမီ မမီ လိုက်လံစစ်ဆေးကြည့်ရှုလိုသည်ဟု ပြောကြားခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ဆီဆိုင်-လွယ်ထွဲ-ထီရီး(ပွန်ရမ်း)-မိရဲ-တောရ-ပြင်သာယာ-ထွေဖူး-လွယ်ပွတ်-ဆိုက်ခေါင်လမ်း (၂၃/၆)မိုင်ကို လိုက်လံပြသပေးခဲ့သည်။ ယင်းလမ်းပိုင်းတွင် လွယ်ပွတ်-ဆိုက်ခေါင် (၅/၀)မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကတ္တရာလမ်းအဆင့် ခင်းပေးထားပြီး မိရဲမှ ပြင်သာယာအထိ (၂/၇)မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေလမ်းဖောက်လုပ်ပေးကာ ကျန်လမ်းပိုင်း(၁၅/၇)မိုင်ကို နတလဦးစီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖောက်လုပ်ပေးထားခြင်းဖြစ်ပါသည်။ နတလလမ်းပိုင်းထဲမှာ ဆီဆိုင်-လွယ်ထွဲ ရွာနှစ်ရွာကြား၌ (၃/၀)မိုင် ကတ္တရာခင်းပြီးဖြစ်သကဲ့သို့ လွယ်ထွဲနှင့် ထီရီး (ပွန်ရမ်း)ကြား (၃/၂)မိုင်၊ ထွေဖူးနှင့် လွယ်ပွတ်ကြား (၃/၄) မိုင်တို့ကိုလည်း ကျောက်လမ်းခင်းထားပေးပြီးဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးအား ဥက္ကဋ္ဌဦးခွန်စံလွင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဖောက်လုပ်ထားသော ပြင်သာယာ-လိုက်ပေး-ဝါးခရာ မြေလမ်း(၆/၀)မိုင်ကိုလည်း ပြသပေးခဲ့ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြေလမ်းများဖောက်လုပ်ပေးပြီးတိုင်း ဒေသအစီအစဉ်ဖြင့် ဖြုန်းကျောက်များကိုပါဖြန့်ခင်း၍ သေချာ ကြိတ်ပေးထားသဖြင့် နွေမိုးဆောင်းရာသီမရွေး သွားလာနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ကားလမ်းများပေါ်ပေါက်လာရုံမျှမက ရထားလမ်းများပင် ဖောက်လုပ်ပေးခဲ့ရာ တောင်ကြီးဘူတာမှ ဆိုက်ခေါင်ဘူတာသို့ နေ့စဉ်ပုံမှန် ရထားပြေးဆွဲနေကြောင်းသိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့နံနက်ပိုင်းတွင် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာ၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီးနောက် ကောင်းမှုဗွာကျေးရွာသို့သွားရောက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံကိန်းကာလအတွင်း တူးဖော်ပေးခဲ့သော သောက်သုံး ရေကန်ကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လာမည့်ဘဏ္ဍာနှစ်၌ သောက်သုံးရေကန်တစ်ကန် ထပ်မံတူးဖော်ပေးရေး၊ ကောင်းမှုဗွာကျေးရွာသို့ လျှပ်စစ်မီးသွယ်တန်းပေးရေး၊ ကောင်းမှုဗွာ- လိုက်ဟန်နား-ထီဟန်ထွိုင်း-လိုက်ပေး မြေသားလမ်း (၄/၀)မိုင် ဖောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ရေလည်းရမည်၊ မကြာမီ မီးလည်းလင်းမည်၊ ကားလမ်းလည်းပေါက်ဦးမည်ဆိုတော့ကာ ထိုဒေသကပြည်သူလူထုအနေဖြင့် ဝမ်းမသာခံနိုင်ပါဦးတော့မလား။ ဆီဆိုင်နှင့် ဘန်းယဉ်ဒေသအရှေ့ခြမ်း မဲနယ်တောင်တန်း အခြေတစ်လျှောက်က ကျေးရွာတွေမှာ သောက်သုံးရေရှားပါးမှုနှင့် ကြုံရတာကတော့အမှန်ပင်။

ထိုနေ့ နေ့လယ်စာကို ဘန်းယဉ်မြို့တွင် နေထိုင်သော ပအိုဝ်းဦးစီးအဖွဲ့၏ အဖွဲ့ဝင်၊ လူမှုတာဝန်ခံ ဦးခွန်မောင်ပယ် အိမ်၌ စားခဲ့ကြသည်။ ထုံးစံအတိုင်း ဒေသထွက် ဟင်းသီးဟင်းရွက်နှင့် ပအိုဝ်းရိုးရာအစားအစာတွေ ပါလာသဖြင့် သဘောကျစွာ စားခဲ့ရ၏။ ဒေသထွက်လက်ဆောင်အဖြစ် ရွှေနီငှက်ပျောခိုင်ကြီးများအပြင် ဆီးချိုသမားများစားရန်သင့်တော်သော ဘာဆမာတီဟုခေါ်သည့် ဆန်အိတ်တစ်အိတ်စီကိုလည်း ရခဲ့ကြသည်။ ၎င်းဆန်အမျိုးအစားကို နောင်မွန်းဒေသ၌ စိုက်ပျိုးခဲ့ကြသည်မှာ ကာလအတန်ကြာပြီဖြစ်ကြောင်း၊ ကယားပြည်နယ် လွိုင်ကော်ဒေသ၌ ပို၍အစိုက်များကြောင်းကိုလည်း ဗဟုသုတအဖြစ် သိခွင့်ရလိုက်သေး၏။ ရွှေနီငှက်ပျောခိုင်ကြီးကို မြင်သောအခါ (၁၉၉၁ ခုနှစ်အတွင်းမှာဟု ထင်ပါသည်) ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် အဘဦးအောင်ခမ်းထီက နိုင်ငံတော်အကြီးအကဲတစ်ဦးထံ ငှက်ပျောခိုင်ကြီးတစ်ခိုင် လက်ဆောင်ပေးနေသည့်ဓာတ်ပုံတစ်ပုံကို ပြန်လည်အမှတ်ရမိသည်။ ဦးအောင်ခမ်းထီ ခေါင်းဆောင်သော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO အဖွဲ့သည် ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင်လည်းကောင်း၊ ဦးတာကလယ် ခေါင်းဆောင်သော ပအိုဝ်းနီရလလဖအဖွဲ့သည် ၁၉၉၄ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင်လည်းကောင်း တရားဥပဒေဘောင်အတွင်း ဝင်ရောက် ခဲ့ကြသည်။ ဆိုရသော် ထိုအချိန် ထိုကာလများကစ၍ မဲနယ်တောင်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများအားလုံး၊ မြောက်ပိုင်းက ဟိုပုံး၊ ကျောက်တန်း မိုင်းပြင်း၊ လက်သဲ့ဒေသများပါမကျန် ပွန်ချောင်း၏ ဟိုးအရှေ့ဘက်က မိုးနဲ၊ မောက်မယ်၊ ကျိုင်းတောင်၊ ကျိုင်းခမ်း၊ ကဒူးကြီး၊ ကဒူးလေးဒေသများ၊ ဆီဆိုင်၊ ပင်လောင်းနှင့် တီကျစ်၊ နောင်တရားဒေသများ အပါအဝင် နေရာဒေသအားလုံး တည်ငြိမ်အေးချမ်းခဲ့သည်။ မဲနယ်တောင်တန်းကြီးပေါ်က ဖြာဆင်းလာသော ငြိမ်းချမ်းရေးရောင်ခြည်သည် ပအိုဝ်းဒေသများအားလုံးကို အေးမြစေခဲ့သည်၊ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်မှာ အငြင်းပွားဖွယ်ရာ မရှိပေ။

နေ့လယ်ပိုင်းတွင် ဘန်းယဉ်မြို့မှပြန်အထွက် ဆီဆိုင်-ဟိုပုံးကားလမ်းပေါ်ရှိ ကောင်းငင်းကျေးရွာနှင့် ကောင်တန်ကျေးရွာတို့သို့ ဝင်ရောက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လျှပ်စစ်မီးသွယ်တန်းပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်အဖွဲ့သည် ဟိုပုံးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျောင်းလွယ်-ပါပန့်-ထမ်းဘုရားလမ်း (၃/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်း၊ နမ့်ပေါ်ဟွန်း-ပါပန့်-နောင်ကွမ်-ညောင်နင်း-သက်သာ-ပုံချောင် မြေသားလမ်း(၅/၀)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ညနေပိုင်းမှာတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၌ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပအိုဝ်းဒေသဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပအိုဝ်းဒေသကိုရောက်တိုင်း မဲနယ်တောင်တန်းကြီးရှိရာသို့ ငေးမကြည့်ဘဲ မနေနိုင်ခဲ့။ ထို့အတူ ပွန်ချောင်း၏ ရေစီးသံတို့ကိုလည်း ပြန်လည်ကြားယောင်ဆဲ၊ တစ်ချိန်က ကြမ်းတမ်းခက်တရော်မှုတွေရှိခဲ့ဖူးသော ပအိုဝ်းဒေသ၊ ယခုတော့ ငြိမ်းချမ်းခဲ့ပြီ။ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီ။ ငြိမ်းချမ်းခြင်း၏ အကျိုးရလဒ်များကြောင့် ဖွံ့ဖြိုးတိုးတက်နေသော ဒေသများကို ကြည့်လိုလျှင် ပအိုဝ်းဒေသလည်း တစ်ခုအပါအဝင် ဖြစ်နေပါလိမ့်မည်။ ဆက်၍ဆက်၍လည်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်နေမည်ဟု အလေးအနက်ယုံကြည်မိပါကြောင်း။ ။

## စားသုံးရန်မသင့်သော စားသောက်ကုန်များကို မီးရှို့ဖျက်ဆီး

**ဘားအံ ဒီဇင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့ ဇာသပြင်အရှေ့ကျေးရွာနှင့် အနောက်ကျေးရွာအတွင်းရှိ ဈေးနှင့် အိမ်ဆိုင်များတွင် စားသုံးရန်မသင့်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချနေခြင်းရှိမရှိ ဒီဇင်ဘာ ၁၄ ရက်က ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများဦးဆောင်၍ သွားရောက်စစ်ဆေးခဲ့ကြပြီး စားသုံးရန်မသင့်သော စားသောက်ကုန်အချို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။



ဇာသပြင်တိုက်နယ်ဆရာဝန် ဒေါက်တာအိအိသန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဇာသပြင်နယ်မြေရဲစခန်းမှ ရဲအုပ်အောင်သန်းဦးဆောင်သည့်အဖွဲ့များက ကျေးရွာဈေးနှင့် အိမ်ဆိုင်များ၌ စစ်ဆေးရာတွင် စားသုံးရန်မသင့်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ကြေညာထားသည့် မှတ်ပုံတင်ထားခြင်းမရှိသော ရွှေရတီတံဆိပ် ငရုတ်သီးအစိမ်းမှုန့် ၁၅ ထုပ်၊ မြဝတီတံဆိပ် ငရုတ်သီးအစိမ်းမှုန့် ၃၃ ထုပ်၊ ဖိုးဝ တံဆိပ် ငရုတ်သီးအစိမ်းမှုန့် ၁၂ ထုပ်နှင့် ရွှေမြင်းပျံတံဆိပ် ငရုတ်သီးအစိမ်းမှုန့် ၁၀ ထုပ်တို့ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မကွေးမြို့စာပေချစ်သူများက ရေးသူဖတ်သူဆွေးနွေးပွဲပြုလုပ်

**မကွေး ဒီဇင်ဘာ ၁၆**

မကွေးမြို့စာပေချစ်သူများက စီစဉ်ပြုလုပ်သည့် ရေးသူဖတ်သူဆွေးနွေးပွဲကို မကွေးမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရေးသူဖတ်သူဆွေးနွေးပွဲတွင် စာရေးဆရာ မာန်တောင်လုံးပြန်၊ စာရေးဆရာ ဦးခင်မောင်ဇော်၊ စာရေးဆရာ သူရဲသမိန်၊ စာရေးဆရာမ မအိနှင့် စာရေးဆရာကိုလေး ၇၄ တို့က စာပေရေးရာများကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ မကွေးရှိ စာရေးဆရာများဖြစ်သည့် ထနောင်းရင်ခွင်စာပေဝိုင်းမှ ဦးနိုင်ယုဝေနှင့် စာရေးဆရာများ၊ ကဗျာဆရာများ၊ သတင်းစာဆရာများ၊ စာပေချစ်သူများ တက်ရောက်ခဲ့သည်။

စာပေဝါသနာရှင်များ၏ စာရေးသားမှုတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ တိုင်းဒေသကြီးအတွင်း ထုတ်ဝေသည့် ဂျာနယ်များ၏ ရပ်တည်မှုနှင့် ပြည်သူများသိလိုသည့် သတင်းများသာမက မသိမဖြစ်သိသင့်သိထိုက်သည့် အချက်အလက်များကိုပါ ရေးသားဖော်ပြနိုင်ရေး၊ ရေးသူများအနေဖြင့် ဖတ်ရှုသည့်ပြည်သူများအတွက် အလေးထားရေးသားရန် စသည့်အချက်များကိုလည်း ဆွေးနွေးပွဲတွင် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝင်းအတွင်းတွင် ရန်ကုန်မြို့ စိတ်ကူးချိုချိုစာအုပ်တိုက်မှ စာအုပ်ဈေးရောင်းပွဲတော်ကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကျင်းပလျက်ရှိပြီး စာပေမြတ်နိုးသူများ၊ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာ ဝယ်ယူလျက်ရှိကြောင်းသိရသည်။ စိတ်ကူးချိုချိုစာအုပ်တိုက်သည် မကွေးတိုင်းဒေသကြီးအတွင်း စလင်း၊ ပွင့်ဖြူ၊ မင်းဘူးမြို့များတွင်လည်း စာအုပ်ဈေးရောင်းပွဲတော်များ ပြုလုပ်ခဲ့ပြီး ပွင့်ဖြူမြို့နယ်တွင် ရောင်းအားအကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

## သတင်းတိုများ

### ဗုဒ္ဓရုပ်ပွားတော်များ တွံတေးမြို့၌ လှည့်လည်အပူဇော်ခံ

ရှေးဟောင်းသမိုင်းဝင် ဓာတုဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးမှ နှစ်ဆယ့်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားတော်များကို တွံတေးမြို့ပေါ် ရှစ်ရပ်ကွက်၌ ဒီဇင်ဘာ ၁၄ ရက်က လှည့်လည်ပင့်ဆောင် အပူဇော်ခံခဲ့ကြောင်း သိရသည်။ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်ပူဇော်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခ.လ.ရ (၇၀) တပ်ရင်းမှူး တို့ကဦးဆောင်၍ ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့များ၊ ဆော်သြရေးယာဉ်များ၊ သာသနာ့အလံကိုင်အဖွဲ့များ၊ မြသပိတ်ကိုင်အဖွဲ့များနှင့် အလှပြဘုရားယာဉ်များဖြင့် ရုပ်ပွားတော်များကိုပင့်ဆောင်၍ မြို့တွင်း လှည့်လည်အပူဇော်ခံခဲ့ကာ (၃၉) ကြိမ်မြောက် လှည့်လည်အပူဇော်ခံပွဲဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

### စာအောင်သံဃာတော်များအား ဆုဆက်ကပ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူ

(၂၁)ကြိမ်မြောက် သဒ္ဓမ္မရံသီ နိကာယစာပြန်ပွဲတွင် ဖြေဆိုအောင်မြင်သော စာအောင်သံဃာတော်များအား ဆုဆက်ကပ်ပူဇော်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့ အောင်မင်္ဂလာဝမ့်အဲန်ကျောင်း၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့ပြီး သံဃာတော်များအား စာအောင်ဆုများ ဆက်ကပ်ပူဇော်ခဲ့သည်။ ထို့နောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်အထိမ်းအမှတ် ပဋ္ဌာန်းဒေသနာတော်များနှင့် ဓမ္မစကြ ဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသော ဝတ်အသင်းများအား ဂုဏ်ပြုလွှာချီးမြှင့်ခြင်း ၊ ငွေပဒေသာပင် လှူဒါန်းခြင်းများ ပြုလုပ်ကြပြီး ဆက်လက်၍ ကျောင်းခြောက်ကျောင်းမှ ပင့်သံဃာတော် အပါး ၃၆၀ အား ဆွမ်းဆန်စိမ်းများကို မြို့နေပြည်သူများ စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

### မူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Township Sports Development Programme အရ မြိတ်မြို့နယ်၌ ကျင်းပလျက်ရှိသည့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အခြေခံပညာမူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၃ ရက်က မြိတ် မြို့မအားကစားကွင်း၌ ကျင်းပခဲ့ပြီး သစ်ယာ၁၀-လွန်းစိမ်းအသင်းနှင့် ထားဝယ်ကမ်း-မြစ်ငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သစ်ယာ၁၀-လွန်းစိမ်းအသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အသင်းများမှ ကစားသမားများနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိသူများအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးထွန်းရှိန်နှင့် ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**ခိုင်ထူး(ပြန်/ဆက်)**

### ကျေးရွာအလယ်တန်းကျောင်း(ခွဲ)သို့ ရေသန့်စက်နှင့် ရေစင်လှူဒါန်း

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သို့ ရေသန့်စက်တစ်လုံးနှင့် ၂၀၀၀ လီတာဆံ့စတီးတိုင်ကီနှင့် ရေစင်တို့ကို Korea Mahasi Vipassana Center မှ သံဃာတော်များနှင့် အလှူရှင်များက ပေးပို့လှူဒါန်းသဖြင့် ရေသန့်စက်နှင့် ရေစင်များ ဆောက်လုပ်ပြီး စာသင်ခန်းများအထိ ရေပိုက်လိုင်းများ သွယ်တန်းထားရာ ယခုအခါ ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် သန့်ရှင်းသည့်သောက်ရေများ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### မိခင်နှင့်ကလေး ကျန်းမာရေးမြှင့်တင်သူ သင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့ရှိ တိုက်နယ်ကျန်းမာရေးဌာန၌ မိခင်နှင့် ကလေး ကျန်းမာရေးမြှင့်တင်သူသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် မိုင်းငေါ့မြို့ပေါ်ရှိ ရပ်ကွက်ငါးခုနှင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု(၆)အုပ်စုတို့မှ သင်တန်းသူ ၆၅ ဦး တက်ရောက်ခဲ့ပြီး အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းခင်မျိုးဦးနှင့် ကြီးကြပ်(၁) ဒေါ်နန်းမိုးဟွမ်တို့က မိခင်နှင့် ကလေးကျန်းမာရေးဆိုင်ရာများကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသူများအနေဖြင့် မိမိတို့ဒေသများမှ မိခင်နှင့် ကလေးငယ်များ၏ ကျန်းမာရေးကို ကောင်းမွန်စွာစောင့်ရှောက်ပေးနိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ပြိုင်ပွဲကျင်းပ

မွန်ပြည်နယ် လမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့ပညာရေးဌာနတို့ ပူးပေါင်း၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးစေရန်နှင့် စာကြည့်တိုက်ကို အသုံးချတတ်စေရန်အတွက် ကဗျာရွတ်ပြိုင်ပွဲကို မော့ကနင်ကျေးရွာ အမက(၂)ကျောင်း၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည်။ ပြိုင်ပွဲတွင် လမိုင်းမြို့ ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်ဇာစိုးက စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ချက်များနှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပပေးခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲတွင် အမက(၂)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား TTCL Myanmmar Construction ကုမ္ပဏီလီမိတက်နှင့် ဆရာ ဆရာမများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆန်စက်များတွင် Gasifier သုံးခြင်းနှင့်ပတ်သက်၍ ပညာပေးဆွေးနွေး

**ဖျာပုံ ဒီဇင်ဘာ ၁၆**

ဖျာပုံခရိုင်အတွင်းမှ စပါးခွံသုံး Gasifier အသုံးပြု၍ လည်ပတ်ကျိတ်ခွဲလျက်ရှိသော ဆန်စက်လုပ်ငန်းရှင်များအား Gasifier သုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် Gasifier သုံးစွဲရာတွင် သုံးစွဲနည်းလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရေး စသည့်အချက်များ အသိပညာပေးဆွေးနွေးပွဲကို ဖျာပုံခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့သည်။

ဖျာပုံခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖျာပုံခရိုင်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင် ၃၈ ဦးတက်ရောက်ကြပြီး ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ဖျာပုံမြို့ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအုန်းဟန်က ဆန်စက်လုပ်ငန်းရှင်များအနေနှင့် မိမိတို့ အကျိုးစီးပွားအတွက် သူတစ်ပါးကို မထိခိုက်စေရန် အရေးကြီးကြောင်း၊ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိအကျိုးစီးပွားလည်းဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများလည်း နည်းပါးစေရန် အရာရာတွင် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသကဲ့သို့ မျှတအောင် ဆောင်ရွက်နေထိုင် လုပ်ကိုင်စားသောက်ကြရန် လိုအပ်ကြောင်းမှာကြားပြီး ဆန်စက်များတွင် Gasifierအသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် Gasifier သုံးစွဲရာတွင် သုံးစွဲနည်းလမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ရေးတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကြည်က စပါးခွံသုံး Gasifier များ တည်ဆောက်ရာတွင်နှင့် သုံးစွဲရာတွင် လိုက်နာရမည့် အချက်အလက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမြင့်အောင်ကလည်း စက်မှုလိုင်စင်နှင့် ကျိတ်ခွဲလိုင်စင်များ၏ သဘောသဘာဝများကို ဖြည့်စွက်ရှင်းလင်းခဲ့ပြီး တက်ရောက်လာသော ဆန်စက်လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

## တတိယအကြိမ် Myanmar Property Award ဆုအတွက် အမည်စာရင်းတင်သွင်းနိုင်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အာရှထိပ်တန်း အွန်လိုင်းအိမ်ခြံမြေလုပ်ငန်းစုတစ်ခုဖြစ်သည့် Property Guru က စီစဉ်၍ နှစ်နှစ်ဆက်တိုက် အောင်မြင်စွာကျင်းပနိုင်ခဲ့သော Myanmar Property Award ဆုပေးပွဲ၏ တတိယအကြိမ်မြောက် ဆုပေးပွဲကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယခုနှစ်၏ အကြီးမားဆုံး အိမ်ခြံမြေနယ်ပယ်ဆိုင်ရာ ဂုဏ်ပြုချီးမြှင့်မှုများအနေဖြင့် မြန်မာနိုင်ငံ၏ အိမ်ခြံမြေလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဗိသုကာပညာနှင့် ဒီဇိုင်းပိုင်းဆိုင်ရာနယ်ပယ်များအတွက် ဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ရာ ပြည်တွင်းမှ လုပ်ငန်းများအနေဖြင့် ဒီဇင်ဘာ ၁၄ ရက်မှစ၍ ဝက်ဘ်ဆိုက်လိပ်စာ www.asiapropertyawards.com/nominations/ တွင် အမည်စာရင်းပေးသွင်းကာ ပါဝင်ယှဉ်ပြိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် တတိယအကြိမ် ဆုရွေးချယ်မည့်အစီအစဉ် ရှင်းလင်းပွဲကို ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့ပြီး Asia Property Awards ၏ တည်ထောင်သူနှင့် မန်နေးဂျင်းဒါရိုက်တာ Terry Blackurn နှင့် အကဲဖြတ်ဒိုင်များအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မြန်မာနိုင်ငံရှိ Emerson အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ Richard Emerson၊ တရားဝင်ကြီးကြပ်အကဲဖြတ်သူများဖြစ်သော BDO မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

The Myanmar Property Awards ဆုများသည် အခမဲ့ပါဝင်ယှဉ်ပြိုင်နိုင်သည့် စနစ်ဖြစ်ပြီး အထူးချွန်ဆုံး အိမ်ခြံမြေလုပ်ငန်းရှင်များနှင့် စီမံကိန်းများကို ရွေးချယ်၍ ဆုများချီးမြှင့်ကာ လူနေအိမ်များ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများနှင့် ဧည့်ဝတ်ကျေပွန်မှုစသည့် ကဏ္ဍများကို ယှဉ်ပြိုင်ရမည် ဖြစ်သည်။ အခြားသော ဆုအမျိုးအစားများအဖြစ် အထူးဆုအနေဖြင့် Best Green Development ဆုကို လူထုအကျိုးပြုလုပ်ငန်းများနှင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းအတွက် အသိအမှတ်ပြုသည့်အနေဖြင့် ပေးအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် Asia's industry-leading Property Report Magazine မှ အယ်ဒီတာများက ရွေးချယ်ပေးအပ်မည့် ဆုအသစ်တစ်ခုအဖြစ် အိမ်ခြံမြေလောက၏ နှစ်လိုဖွယ်အကောင်းဆုံး ကိုယ်ရည်ကိုယ်သွေးရှိသူအဖြစ် ဂုဏ်ပြုဆု(Real Estate Personality of the Year)ကိုလည်း ယခု တတိယအကြိမ်တွင် ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် တတိယအကြိမ် The Myanmar Property Awards ဆုရွေးချယ်ပွဲအတွက် ပဏာမအမည်စာရင်းများကို တင်သွင်းလိုသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အိမ်ခြံမြေ ရောင်းဝယ်သူများအနေဖြင့် စာရင်းတင်သွင်းနိုင်မည် ဖြစ်သည်။ တတိယအကြိမ်မြောက် ဆုရွေးချယ်ပွဲတွင် လျှောက်လွှာတင်သွင်းသူဦးရေ ၁၂၀ ကျော်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခင်နှစ်တွင် လျှောက်လွှာတင်သွင်းသူပေါင်း ၇၆ ဦးရှိခဲ့ကြောင်း၊ ပဏာမအမည်စာရင်းတင်သွင်းမှုကို ဧပြီ ၂၁ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဆုများအတွက် တရားဝင် ဆန်ခါတင်စာရင်းကို မေလနောက်ဆုံးပတ်အတွင်း ကြေညာပေးမည်ဖြစ်ကာ ဆုပေးပွဲကို ၂၀၁၇ ဇွန် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ထိပ်တန်းဆုရရှိသူများသည် ၂၀၁၇ နှစ်ကုန်ပိုင်းတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် The Annual Asia Property Awards 2017 တွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အာရှဒေသတွင်းမှ ဈေးကွက်သစ်တွင် တင်ပြမိတ်ဆက်ခွင့်လည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ The Myanmar Property Awards 2017 နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက AsiaProperty Awards.com/myanmar-property-awards/တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး info@asiapropertyawards.com သို့ ဆက်သွယ်၍လည်း မေးမြန်းနိုင်ကြောင်း သိရသည်။

**သွန်းဝသန်**

## သစ်ကုန်ကြမ်းရှားပါး၍ ငါးဖမ်းလှေတည်ဆောက်သည့်လုပ်ငန်းများ ကြန့်ကြာလာ

**ကျိုက္ခမီ ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပင်လယ်ပြင်သို့ထွက်သော ငါးဖမ်းလှေများကို သစ်သားကိုယ်ထည်များဖြင့် တည်ဆောက်သည့် လုပ်ငန်းများမှာ ယနေ့အချိန်အထိ တွင်ကျယ်စွာ ရှိနေသေးသော်လည်း သစ်သားကုန်ကြမ်းရှားပါးလာသဖြင့် လှေတည်ဆောက်သည့်လုပ်ငန်းများမှာ ကြန့်ကြာမှုများရှိလာကြောင်း ကျိုက္ခမီမြို့နယ်ရှိ လှေကိုယ်ထည်တည်ဆောက်သည့်လုပ်ငန်းများမှ သိရသည်။



"သစ်သားကိုယ်ထည် ငါးဖမ်းစက်လှေကို တည်ဆောက်ရာမှာ ပေ ၅၉ အရှည်၊ အကျယ် ၂၂ပေအရွယ်ရှိတဲ့ လှေတွေကို ကျွမ်းကျင်အလုပ်သမား အနည်းဆုံး ၂၀ နဲ့ အချိန်ကာလ လေးလလောက်ကြာအောင် တည်ဆောက်ရပါတယ်။ သစ်အမျိုးအစားအစုံနဲ့ အနည်းဆုံး တန် ၇၀ လောက်ကို အသုံးပြုရပါတယ်။ ကုန်ကျစရိတ်အပြီးအစီးက သိန်း ၂၅၀ လောက် ကုန်ကျပါမယ်။ လှေတည်ဆောက်လုပ်ငန်းကို ကျွမ်းကျင်တဲ့အလုပ်သမားတွေမှာ ကျိုက္ခမီမြို့က အများဆုံးဖြစ်ကြပါတယ်"ဟု လှေတည်ဆောက်သည့် ပညာရှင်တစ်ဦးဖြစ်သော ဆရာဦးလှက ပြောသည်။

မြန်မာ့ပင်လယ်ပြင်သို့ထွက်၍ ငါးဖမ်းသောလှေများကို တည်ဆောက်ရာတွင် သစ်သားကိုယ်ထည် စက်လှေကြီးများအဖြစ် တည်ဆောက်၍ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြရာ လှေကိုယ်ထည်တည်ဆောက်သည့် လုပ်ငန်းများမှာ ယနေ့တိုင် တွင်ကျယ်စွာ ရှိနေသေးသော်လည်း လှေကိုယ်ထည်တည်ဆောက်ခြင်းလုပ်ငန်းခွင်တွင် လျှပ်စစ်မီးအခက်အခဲနှင့် လက်ရှိအချိန်တွင် သစ်ကုန်ကြမ်း ရှားပါးဈေးမြင့်လာခြင်း အခက်အခဲများကြောင့် လုပ်ငန်းကြန့်ကြာမှုနှင့် ကြုံတွေ့နေကြရကြောင်း၊ နောင်လာမည့် မျိုးဆက်သစ် သစ်သားကိုယ်ထည်ငါးဖမ်းလှေများကို တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန်အတွက် သစ်သားကုန်ကျမှုနည်းသော ဒီဇိုင်းများအဖြစ် ဆန်းသစ်တီထွင် တည်ဆောက်နိုင်ရန်လည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ဆင်းကတ်မှတ်ပုံတင်နေ့များကို မြို့နှင့် ကျေးရွာ ၈၀၀ ခန့်တွင် ပြုလုပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

တယ်လီနော‌ဆင်းကတ် အသုံးပြုသူများ ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်ရာတွင် လွယ်ကူစွာ ပြုလုပ်နိုင်ရန်အတွက် ဆင်းကတ် မှတ်ပုံတင်နေ့များကို ယခု ဒီဇင်ဘာလအတွင်း တယ်လီနောမြန်မာက တိုင်းဒေသကြီး ခြောက်ခု၊ ပြည်နယ်လေးခုနှင့် နေပြည်တော်ရှိ မြို့နှင့် ကျေးရွာပေါင်း ၈၀၀ ခန့်တွင် ဆက်တိုက်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆင်းကတ်မှတ်ပုံတင်နေ့များတွင် ဆင်းကတ်ကို လွယ်ကူစွာမှတ်ပုံတင်ရန် နည်းလမ်းများ၊ ဆင်းကတ်မှတ်ပုံတင်ခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခြင်း၊ ချက်ချင်း မှတ်ပုံတင်ပြုလုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့၌ ဒီဇင်ဘာ ၁၄ ရက်က စတင်ပြုလုပ်ခဲ့ပြီး ဆင်းကတ်မှတ်ပုံတင် လာရောက်ပြုလုပ်သူများကို လက်ဆောင်များ ပေးအပ်ခဲ့ကာ ဆက်လက်၍ နေပြည်တော်၊ ပဲခူး၊ ရောဝတီ၊ တနင်္သာရီ၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ကချင်၊ရခိုင်၊မွန်နှင့်ကရင်ပြည်နယ်များရှိ မြို့နှင့် ကျေးရွာပေါင်း ၈၀၀ ခန့်တွင် ယခုဒီဇင်ဘာလအတွင်း ဆင်းကတ်မှတ်ပုံတင်နေ့များကို ကျင်းပပြီး သုံးစွဲသူများ အလွယ်တကူမှတ်ပုံတင်နိုင်ရန် တယ်လီနောဝန်ထမ်းများနှင့် တယ်လီနော၏ ဖြန့်ချိရေးကိုယ်စားလှယ်ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

ဆင်းကတ်များကို မှတ်ပုံတင်ထားခြင်းဖြင့် သုံးစွဲသူများအနေနှင့် မိုဘိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်သော ငွေရေးကြေးရေးဝန်ဆောင်မှုများကို အသုံးပြုသည့်အခါ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ဆင်းကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာပြဿနာများ ရှိလာပါကလည်း လွယ်ကူစွာဖြေရှင်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆင်းကတ်သုံးစွဲသူများအနေဖြင့် ဆင်းကတ်များကို မှတ်ပုံတင်ပြုလုပ်၍ သုံးစွဲကြရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဇူလိုင်လအတွင်းက စတင်အသိပေးကြေညာခဲ့ပြီး မှတ်ပုံတင်မလုပ်သော ဆင်းကတ်များကို ၂၀၁၇ မတ်လကုန်တွင် ပိတ်သိမ်းမည်ဖြစ်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသည့် အော်ပရေတာများဖြစ်သော တယ်လီနော၊ အူရီဒူးနှင့် MPT တို့အနေဖြင့် ဩဂုတ်လဆန်းမှစ၍ မိမိတို့ကုမ္ပဏီ၏ဆင်းကတ် သုံးစွဲနေသူများအား မှတ်ပုံတင်၍အသုံးပြုကြရန် အသိပေးတိုက်တွန်းခြင်းနှင့် လွယ်ကူစွာ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပေးခြင်းတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

**သူရဖြိုး**

## Linux Foundation နည်းပညာသင်တန်း ကွန်ပျူတာပညာရှင်အသင်းမှ ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Open Source နည်းပညာရပ်များကို စိတ်ဝင်စားသော မြန်မာလူငယ်များအတွက် Linux Foundation ရက်တိုသင်တန်းကို ဒီဇင်ဘာ ၁၉ ရက်တွင် MICT Park အဆောင် (၉)ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ICT ဆိုင်ရာနည်းပညာပိုင်းတွင် တွင်ကျယ်လာသော Open Source နည်းပညာနှင့်အတူ ဆာဗာပိုင်းတွင် အသုံးများနေသော Linux Server နှင့် Administrator Level များသို့ တက်လှမ်းနိုင်ရန်အတွက် အဓိကလိုအပ်သည့် Linux နည်းပညာ အခြေခံများကို ကျွမ်းကျင်ပိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် Linux ၏ အခြေခံသဘောသဘာဝ၊ အသုံးဝင်ပုံ အနေအထား၊ Linux ၏ နည်းပညာများကို လေ့လာရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Linux Server ပိုင်းနှင့် Linux Administrator Level များကို အခြေခံပိုင်နိုင်စွာဖြင့် အခက်အခဲမရှိ ဆက်လက်လေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသို့ Linux နည်းပညာရပ်ကို စိတ်ဝင်စားပြီး အောက်ခြေမှစ၍ လေ့လာလိုသူများ၊ Linux Server ပိုင်းနှင့် Administrator ပိုင်းကို လေ့လာလိုသူများ တက်ရောက်သင့်ကြောင်း သိရသည်။

သင်တန်းကာလမှာ ဒီဇင်ဘာ ၁၉ မှ ၂၂ ရက်အထိ နေ့စဉ် ညနေ ၅း၃၀ နာရီ မှ ၈ နာရီအထိ လေးရက်ကြာသင်တန်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၆၆၀၀၀ ဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းမှ ဆရာဦးရဲလင်းအောင်က သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းအတွက် ဒီဇင်ဘာ ၁၇ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ တွင် စုံစမ်းမေးမြန်းနိုင်မည်ဖြစ်သည်။

**သူရဖြိုး**

**New Product**

# အန်းဒရွိုက်နဲ့ ဝင်းဒိုး နှစ်မျိုးစလုံး အသုံးပြုနိုင်တဲ့ Tbook 16 Pro တက်ဘလက်

Tbook 16 Pro ဟာ ပြည်တွင်းမှာ နာမည်ရနေပြီဖြစ်တဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Teclast က ထုတ်လုပ်ပြီး ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ပြည်တွင်းဈေးကွက်ကို စတင်ဝင်ရောက်လာတာဖြစ်ပါတယ်။ အန်းဒရွိုက်စနစ် တက်ဘလက်တစ်လုံးလို အသုံးပြုနိုင်ရုံသာမက Window 10 ပါဝင်တဲ့ touch Screen တက်ဘလက်တစ်လုံးလိုရော၊ ကီးဘုတ်နဲ့တွဲပြီး လက်ပ်တော့တစ်လုံးလိုပါ အသုံးပြုနိုင်တဲ့ 2 in 1 တက်ဘလက်ဖြစ်ပါတယ်။ မျက်နှာပြင်အကျယ်က ၁၁ ဒသမ ၆ လက်မရှိလို့ တက်ဘလက်တစ်လုံးအနေနဲ့ကြည့်ရင်တော့ ကြီးသလို ထင်ရပေမယ့် ကီးဘုတ်နဲ့တွဲပြီး လက်ပ်တော့လိုသုံးတဲ့အခါမှာ အဆင်ပြေစေမှာဖြစ်ပြီး ရုပ်ထွက်အရည်အသွေးက 1920x1080 pixels ရှိပါတယ်။ CPU အနေနဲ့ Intel Cherry Trail X5 CPU ပါဝင်ပြီး RAM u 4GB နဲ့ အင်တာနယ်မင်မိုရီက 64 GB ပါဝင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 5.1(Lollipop)ပါဝင်ပြီး ဝင်းဒိုးစနစ်အနေနဲ့ Window 10 Home Edition လိုင်စင်ဗားရှင်း ပါဝင်ပါတယ်။ အန်းဒရွိုက်နဲ့ ဝင်းဒိုးကို ကလစ်တစ်ချက်နှိပ်ပြီး စက်အဖွင့်အပိတ်လုပ်ရုံနဲ့ အလွယ်တကူ ပြောင်းလဲအသုံးပြုနိုင်လို့ တက်ဘလက်အနေနဲ့ အသုံးပြုချင်ရုံသာမက ရုံးမှာ ကွန်ပျူတာနဲ့လုပ်တဲ့ လုပ်ငန်းတွေကို အိမ်မှာဆက်ယူပြီး အလုပ်လုပ်ချင်သူတွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။ ဝင်းဒိုးကွန်ပျူတာအဖြစ် သုံးတဲ့အခါမှာလည်း စာစီစာရိုက်လောက်တင်မဟုတ်ဘဲ ဖိုတိုရှော့ပ်လိုဆော့ဖ်ဝဲ အမြင့်တွေ၊ DOTA 2 လို ဂိမ်းအမြင့်တွေကိုပါ ကစားနိုင်မှာဖြစ်ပါတယ်။

ကွန်ရက်ချိတ်ဆက်မှုအတွက်တော့ ဘလူးတုသ်နဲ့ ဝိုင်ဖိုင်စနစ်တွေ ပါဝင်ပြီး ဆင်းကတ်ထည့်သုံးလို့ မရပါဘူး။ အင်တာနက်သုံးဖို့အတွက် တခြားဖုန်းကနေ ဝိုင်ဖိုင်ပြန်လွှင့်ပြီး သို့မဟုတ် ဝိုင်ဖိုင်နက်ဝပ်တစ်ခုခုကို ချိတ်ဆက်ပြီး သုံးရမှာဖြစ်ပါတယ်။ ကင်မရာကတော့ ၂ မဂ္ဂါပစ်ဇယ်ရှိတဲ့ ရှေ့နဲ့နောက်ကင်မရာတွေ ပါဝင်ပြီး ဆယ်လ်ဖီဝါသနာရှင်တွေအတွက် စိတ်တိုင်းကျစေမှာ မဟုတ်ဘဲ ဗီဒီယိုချတ်လုပ်တဲ့အခါမျိုးမှာ အသုံးပြုရုံလောက်ပဲ ရှိပါတယ်။

Teclast Tbook 16 Pro ကို ပစ္စည်းနဲ့ လက်ခအတွက် တစ်နှစ်အာမခံပေးထားသလို ပျက်ယွင်းမှုတွေကို လာပြင်တဲ့အခါမှာလည်း သုံးရက်အတွင်း ဖြေရှင်းပေးဖို့ ဝန်ဆောင်မှုပေးထားပါတယ်။ ဈေးနှုန်းကတော့ တက်ဘလက်သီးသန့်အတွက် ကျပ် ၂၉၉၀၀၀ ဖြစ်ပြီး တက်ဘလက်နဲ့အတူ အသင့်တွဲသုံးနိုင်တဲ့ ကီးဘုတ်က ၃၃၀၀၀ ကျပ်ဖြစ်ပါတယ်။

**သူရဖြိုး**




## အွန်လိုင်းမှတစ်ဆင့် FM ရေဒီယိုနားဆင်နိုင်ရန် အူရီဒူးနှင့် ပတ္တမြားFM ပူးပေါင်းဝန်ဆောင်မှုပေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

အူရီဒူးမြန်မာနှင့် ပတ္တမြား FM ရေဒီယိုတို့ ပူးပေါင်းပြီး အူရီဒူးဖုန်းအသုံးပြုနေသူများအနေဖြင့် အင်တာနက်မှတစ်ဆင့် FM ရေဒီယို နားထောင်နိုင်ရန် ဒီဇင်ဘာ ၆ ရက်မှစ၍ စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

အူရီဒူးမြန်မာနှင့် ပတ္တမြား FM ရေဒီယို ပူးပေါင်းလိုက်ခြင်းကြောင့် အူရီဒူးဖုန်းဝန်ဆောင်မှုကို အသုံးပြုသူတိုင်းအနေဖြင့် ပတ္တမြား FM ထုတ်လွှင့်မှုကို တိုက်ရိုက်နားဆင်ခွင့်ရပြီဖြစ်ကြောင်း၊ အူရီဒူးမြန်မာ၏ ဝန်ဆောင်မှုကို အသုံးပြုသူများအတွက် သုတရသများ၊ သတင်းနှင့်သီချင်းများကို ခံစားနိုင်မည့် ထပ်ဆောင်းဖျော်ဖြေရေး ဝန်ဆောင်မှုသစ်တစ်ခုအနေဖြင့် ထပ်မံထည့်သွင်းပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှ ရေဒီယိုနားဆင်နိုင်သည့် အဆိုပါဝန်ဆောင်မှုအရ အူရီးဒူးဖုန်းကို အသုံးပြုသူများအနေဖြင့် My Ooredoo App ကို Google Play Store မှ ဒေါင်းလုပ်ရယူထည့်သွင်းပြီးသည်နှင့် ပတ္တမြား FM ရေဒီယိုကို မည်သည့်နေရာတွင် ရောက်နေသည်ဖြစ်စေ နားဆင်နိုင်မည်ဖြစ်သည်။ ရေဒီယိုနားဆင်နိုင်ရန် အူရီဒူးက တစ်ရက်လျှင် ၁၅၀ MB ဒေတာအသုံးပြုခွင့်ကိုလည်း လက်ဆောင်ပေးထားကြောင်း သိရသည်။ FM လိုင်းတိုက်ရိုက်ရရှိသည့် ရန်ကုန်မြို့အပါအဝင် ဒေသများတွင် အဆိုပါဝန်ဆောင်မှုက များစွာထူးခြားခြင်းမရှိသော်လည်း FM လိုင်းတိုက်ရိုက်မရသော ဒေသများအတွက်မူ အဆိုပါဝန်ဆောင်မှုက အဆင်ပြေစေမည်ဖြစ်သည်။

**သူရဖြိုး**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**
**ပုသိမ်ကြီးမြို့**
**လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**
**၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့် ၁၅ရက်**
**၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၄ရက်**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ကျွမ်းကျင်အဆင့်-၄ တောအုပ်ကြီး ရာထူး (လစာ နှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁၅)နေရာအတွက် ၂၆-၁၁-၂၀၁၆ရက်နှင့် ၂၇-၁၁-၂၀၁၆ရက်တွင် ရေးဖြေစာမေးပွဲ စစ်ဆေးခဲ့ပါသည်။

၂။ အဆိုပါရေးဖြေစာမေးပွဲအောင်မြင်သူများအနက် အမှတ်အများ၊ အနည်း အလိုက် စိစစ်ရွေးချယ်၍ အောက်ပါခုံနံပါတ်များအား လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

**ခုံအမှတ်များ**

| | | | | |
|---|---|---|---|---|
| ပစ-၄ | ပစ-၃၈ | ပစ-၇၅ | ပစ-၈၃ | ပစ-၁၂၅ |
| ပစ-၈ | ပစ-၅၃ | ပစ-၇၆ | ပစ-၉၁ | ပစ-၁၃၉ |
| ပစ-၁၀ | ပစ-၅၆ | ပစ-၇၇ | ပစ-၉၄ | ပစ-၁၄၆ |
| ပစ-၂၀ | ပစ-၆၅ | ပစ-၇၈ | ပစ-၁၀၂ | ပစ-၁၅၀ |
| ပစ-၃၁ | ပစ-၆၉ | ပစ-၈၀ | ပစ-၁၁၄ | ပစ-၁၅၁ |

၃။ လူတွေ့စစ်ဆေးမည့်သူများအား ၂၂-၁၂-၂၀၁၆ရက် နံနက် ၉း၃၀နာရီ၌ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ ပုသိမ်ကြီးမြို့တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနသို့ ၂၁-၁၂-၂၀၁၆ရက် ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ရလက်မှတ်(မူရင်း)

(ဂ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း)

၄။ လူတွေ့စစ်ဆေးခံရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-

(က) အမျိုးသားများ လည်ကတုံးအင်္ကျီနှင့်ပုဆိုး

(ခ) အမျိုးသမီးများ မြန်မာဆန်ဆန်ဝတ်ဆင်လာရမည်။

၅။ လူတွေ့စစ်ဆေးခံရမည့်သူများ၏အမည်စာရင်းအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးရုံးချုပ်တွင် ကြော်ငြာသင်ပုန်း၌ ကပ်ထားမည်ဖြစ်ပါသည်။

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**



**၉-၁၂-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာ မျက်နှာ-၃၀ပါ ဒေါ်ကေသီခိုင်၊ ဒေါ်အေမီခိုင်၊ ဦးစိုးကျော်ဦး၊ ဒေါ်သီဂီခိုင်၊ ဒေါ်ခိုင်စန္ဒာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးမောင်မောင်စိုး၊ ဦးမောင်မောင်စော၊ ဒေါ်ဝါဝါဝင်းသစ်၊ ဦးအောင်မျိုးဦး၊ ဒေါ်မာလာတင့်တို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉) ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၂၀(ဘီ)၊ မြေညီထပ် ခြေရင်းခန်းနေ ဦးအောင်နိုင် ၁၂/ဗဟန(နိုင်)၀၉၂၃၂၉၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။

